# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၂)
အမှတ် (၂၂၀)

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္လာနေ့။


**နိုင်ငံတာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

## သမဝါယမကဏ္ဍသည် တိုင်းပြည်စီးပွားရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာမြအေး၊ ဒေါက်တာဖေသက်ခင်နှင့် ဦးဝင်းရှိန်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသစ်သည် စတင်တာဝန်ယူချိန်မှစပြီး ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို အဓိက ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒီမိုကရေစီဖော်ဆောင်ရန်မှာ တည်ငြိမ်အေးချမ်းမှုသည် အဓိကအရေးကြီးသည်ဟု နားလည်ခံယူထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် အခြေခံကျခြင်းကြောင့် မတူသည်များ ဘေးဖယ်ထားပြီး တူသည်များကို ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ အယူအဆမတူညီကြသော နိုင်ငံအတွင်းမှ ပါတီ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သကဲ့သို့ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ ရောက်ရှိနေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဥပဒေနှင့်အညီ ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းမှ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအနေဖြင့် ပါတီနိုင်ငံရေးတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နိုင်ငံရေးပါတီဆိုင်ရာဥပဒေများကို ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် အမျိုးသားပြန်လည်စည်းလုံးရေးကို အတိုင်းအတာတစ်ခုထိ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တစ်နည်းအားဖြင့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အဓိက အခြေခံကျသော အချက်တစ်ချက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ခဲ့ရာ *စာမျက်နှာ ၈ ကော်လံ ၁* ●




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားဇာတ်ရုံဥပစာတွင် ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**'မြန်မာနိုင်ငံအတွင်းရှိ သမဝါယမအသင်းများအနေဖြင့်လည်း နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများနည်းတူ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ယခုအချိန်မှစပြီး လူသစ် စိတ်သစ် စနစ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်'**

## ဆိုင်ကလုန်းမုန်တိုင်း မေ ၁၆ ရက် ညနေပိုင်းတွင် မြန်မာ(ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း)ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေဆီသို့ ဖြတ်ကျော်နိုင်

နေပြည်တော် မေ ၁၂

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင် (MAHASEN)သည် မြန်မာနိုင်ငံ(ကိုကိုးကျွန်း)၏ အနောက်တောင်ဘက် မိုင် ၄၇၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၆၂၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက် မိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ *စာမျက်နှာ ၁၀ ကော်လံ ၅* ✳


LCCI (UK) ၏ 2012 အတွက် Level III နိုင်ငံတကာစာမေးပွဲများတွင် ဆရာဦးအောင်နိုင် (LCCI) သင်တန်းမှ ထွက်ပေါ်လာသော ကမ္ဘာနှင့်မြန်မာ ရွှေနှင့်ငွေတံဆိပ်ဆုရှင်များကို ဂုဏ်ပြုအပ်ပါသည်။

| | | | |
|---|---|---|---|
| HSU MYAT HONEY KO | (13/TKL (N) 06 3534) | World and Country First | (Gold medal) |
| KHIN PHOO PHOO PWINT | (12/OKT (N) 18 1355) | World and Country First | (Gold medal) |
| THU THU WIN | ( 5/YON (N) 06 7521) | World and Country First | (Gold medal) |
| HTET MYAT AUNG | (12/OKT (N) 16 4652) | Country First | (Gold medal) |
| HSU MYAT HONEY KO | (13/TKL (N) 06 3534) | Country Second | (Silver medal) |

■ ၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်း(ထက်)။
☎ : 09 730 99752, 09 730 66231, 09 515 1024, 01-377610

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဒေသအနှံ့ ဖြန့်ကြက်သွားမည်

“တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေနေထိုင်တဲ့ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်”ဟု ၂၀၁၁ခုနှစ် မတ်လ ၃၀ရက်နေ့က ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက ပြောကြားခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသတစ်ခု၊ နယ်မြေတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်အနှံ့ ချိတ်ဆက်သွားလာနိုင်ရန်အတွက် လမ်း၊ တံတားများ၊ မီးရထားလမ်းများ၊ အဝေးပြေးလမ်းမကြီးများကို ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသဖြင့် ယနေ့ကာလတွင် အချိန် ရာသီမရွေး သွားလာနိုင်နေပြီဖြစ်သည်။ ယခင်က မြန်မာနိုင်ငံ၏ အရှေ့ခြမ်းနှင့်အနောက်ခြမ်းသွားလာနိုင်ရန် ခက်ခဲခဲ့သော်လည်း ယခုအခါတွင် သဘာဝအတားအဆီးများကို လူတို့၏စွမ်းအားနှင့် ဖြတ်ကျော်နိုင်ခဲ့သည်။

ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဧရာဝတီတံတား (မလွန်)ကို မေလ ၁၁ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းတံတားသည် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပေ ၁၈၀ အထက် ၂၆ စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သော တံတားဖြစ်သည်။ ဧရာဝတီတံတား (မလွန်)သည်မကွေးတိုင်းဒေသကြီးအတွင်း၌ တည်ဆောက်ပြီးသည့် ရှစ်စင်းမြောက် တံတားဖြစ်ပြီး တည်ဆောက်ဆဲတံတားများလည်း မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ ယခု ဖွင့်လှစ်ခဲ့သော တံတားသည် ကားလမ်း၊ ရထားလမ်းပါ တံတားဖြစ်သည်။ ဧရာဝတီတံတား (သြောင်တုန်း)၊ ဧရာဝတီတံတား (ပခုက္ကူ)၊ ဧရာဝတီတံတား (စင်းခန်း)တို့သည်လည်း ကားလမ်း၊ ရထားလမ်းပါ တံတားများဖြစ်ကြသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံ့အခြေခံအဆောက်အအုံများထဲတွင် လမ်း၊ တံတားသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာသည်နှင့်အတူ ယနေ့ကမ္ဘာတွင် ခေတ်စားနေသော နိုင်ငံတကာခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ တိုးတက်ရရှိလာမည့် အလုပ်အကိုင်များ၊ အခွင့်အလမ်းများကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူ ဖြစ်စေသည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့သည်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့သည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကူးလူးဆက်သွယ်မှု တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဖောက်လုပ်နေသော အာဆီယံလမ်းမ ခုနစ်လမ်းရှိရာ ၂၀၁၅ ခုနှစ်တွင် ပေါ်ထွက်မည့် အာဆီယံအသိုက်အဝန်းအတွင်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လွတ်လပ်စွာ ကုန်စည်စီးဆင်းနိုင်ခြင်း၊ လွတ်လပ်စွာကူးသန်းသွားလာနိုင်ခြင်း၊ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ လွတ်လပ်စွာ ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်းနှင့် လွတ်လပ်စွာ လည်ပတ်နိုင်ခြင်းစသည့် အခွင့်အလမ်းများသည် လမ်းပန်းဆက်သွယ်ရေးတိုးတက်မှုကြောင့် ရရှိလာမည့် ရလဒ်များဖြစ်သည်။ လမ်းကွန်ရက်များ ယှက်သွယ်ဖောက်လုပ်နိုင်သည်နှင့်အညီ ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မြန်မာနိုင်ငံနို့စားနွားမွေးမြူရေးဆိုင်ရာ စီမံကိန်းဒီဇိုင်းရေးဆွဲရေး အကြံပြု အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၁၂**

ကျောင်းနေအရွယ် ကလေးငယ်များ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးနှင့် ဉာဏ်ပညာ ထက်မြက်စေရန်၊ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော နွားနို့နှင့် နို့ထွက်ပစ္စည်းများ စားသုံးနိုင်ရန်၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ Regional Dairy Development Board များ တည်ထောင်ခဲ့ပြီးဖြစ်ရာ နို့စားနွားများ တိုးချဲ့မွေးမြူပြီး တန်ဖိုးမြှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ ဆက်လက်တည်ထောင်သွားရန် လိုအပ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မေ ၈ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသောမြန်မာနိုင်ငံ နို့စားနွားမွေးမြူရေးဆိုင်ရာ စီမံကိန်းဒီဇိုင်း ရေးဆွဲရေး အကြံပြု အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် စနစ်တကျ မှတ်ပုံတင်လျှောက်ထားပြီး ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်နှင့်ကိုက်ညီမည့် နည်းပညာအသုံးပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့သွားရန် လိုအပ်ကြောင်း၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နို့စားနွားမွေးမြူသူများ ဝင်ငွေတိုးတက်စေရေး၊ ဒေသခံပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရ ပြည့်ဝသောနို့နှင့် နို့ထွက်ပစ္စည်းများ သောက်သုံးနိုင်ရေးအတွက် အသေးစားနို့ချက် စက်ရုံများကို ဒေသအလိုက် တည်ထောင်သွားနိုင်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ နယူးဇီလန်နိုင်ငံအစိုးရ အကူအညီဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ နို့စားနွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့နိုင်သော စီမံကိန်းဒီဇိုင်းများကို ရေးဆွဲသွားကြရန် ပြောကြားသည်။

ယင်းနောက် နယူးဇီလန်နိုင်ငံမှ နို့စားနွားမွေးမြူရေးဆိုင်ရာ ဒီဇိုင်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင် Mr. Geoffrey Mavromatis က ဝန်ကြီးဌာနမှ စီမံကိန်းဒီဇိုင်းရေးဆွဲရေး အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တို့သို့ သွားရောက်ပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများ လေ့လာခဲ့မှု၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်ကိုက်ညီသော နို့စားနွား မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့မည့် စီမံကိန်းဒီဇိုင်း ရေးဆွဲသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ နို့စားနွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် နယူးဇီလန်နိုင်ငံမှ နို့စားနွား မွေးမြူရေးဆိုင်ရာ ဒီဇိုင်းရေးဆွဲရေး အဖွဲ့ဝင်များက ဆွေးနွေးကြသည်။

Stakeholder Consultation Workshop with Myanmar Dairy Sector Representatives on presentation of Draft Dairy Activities Concept Notes ကို ၂၀၁၃ ခုနှစ် မှ ၂၀၁၈ ခုနှစ် အထိ ငါးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမတစ်နှစ်ခွဲကို စီမံကိန်းအဆင့် (၁)အဖြစ်နှင့် ကျန်သုံးနှစ်ခွဲကို စီမံကိန်းအဆင့်(၂)အဖြစ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအဆင့် (၁)မှ ရရှိလာသော အတွေ့အကြုံ၊ သင်ခန်းစာနှင့် အောင်မြင်မှုများကို အခြေခံ၍ စီမံကိန်းအဆင့်(၂)ကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ထင်သာမြင်သာ ပြုပြင်စရာ

# ကျောင်းများဖွင့်ချိန်အမီ မီးပွိုင့်တပ်ဆင်ပေးစေချင်

ပဲခူးမြို့တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာမှ လမ်းဆုံသုံးနေရာတွင် မီးပွိုင့်များ တပ်ဆင်ပေးပြီး ဖြစ်ပါသည်။

သို့သော် အဓိက အချက်အချာကျသည့် သနပ်ပင်လမ်းမတန်းနှင့် ဗန္ဓုလ(မက္ကတစ်)လမ်းဆုံတွင် မီးပွိုင့်တပ်ဆင်ရန် လိုအပ်နေပါသည်။ အဆိုပါ လမ်းဆုံသည် လမ်းလေးခုဆုံစည်းရာနေရာဖြစ်ပြီး ယာဉ်ပေါင်းစုံသွားလာမှု ရှုပ်ထွေးသည့် လမ်းဆုံလည်းဖြစ်သည်။

အထူးသဖြင့် ကျောင်းများဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းချိန်များတွင် အများဆုံးဖြတ်သန်းသွားလာသော လမ်းဆုံလည်းဖြစ်ပါသည်။ ထိုကဲ့သို့ ယာဉ်ကြောရှုပ်ထွေးသော လမ်းဆုံဖြစ်သော်လည်း လူကူးမျဉ်းကျားမရှိခြင်း၊ ယာဉ်မောင်းများက မဆင်မခြင် စည်းကမ်းမဲ့ မောင်းနှင်ခြင်း၊ ယာဉ်ထိန်းရဲများ မထားရှိခြင်းတို့ကြောင့် ယာဉ်တိုက်မှုအများဆုံးဖြစ်သော နေရာလည်း ဖြစ်သည်။



ထို့ကြောင့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ကျောင်းများဖွင့်ချိန်အမီ ဗန္ဓုလ (မက္ကတစ်)လမ်းဆုံတွင် မီးပွိုင့်များ တပ်ဆင်ပေးပါရန် သက်ဆိုင်ရာသို့ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။ (၁၁၀)







ပြည်တွင်းသတင်း

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

## ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်



**နေပြည်တော် မေ ၁၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် မေ ၉ ရက်တွင် ပေါက်တောမြို့နယ် ကြိမ်နီပြင်ကျေးရွာ ဒုက္ခသည်စခန်း၌ ကြိမ်နီပြင်၊ ဆူလီဖက်ရုံ၊ မင်းသာဖ ကျေးရွာတို့မှ ဒုက္ခသည်များအား တွေ့ဆုံပြီး **(ယာပုံ)** ဒုက္ခသည်များအားလုံးမိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးအတွက် ရှစ်ခန်းတွဲ တဲတန်းလျားများ တည်ဆောက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ တရားဥပဒေနှင့်အညီ နေထိုင်ရေး၊ ဒုက္ခသည်များ ဝင်ငွေရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရေး မှာကြားသည်။

ထို့နောက် မြေပုံမြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းနောက် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသော ကျောက်ဖြူမြို့နယ် ဒုက္ခသည်စခန်းရှိ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ၊ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် မိတ္တူကူးစက်တစ်လုံးစီတို့အား ပေးအပ်လှူဒါန်းသည်။

မေ ၁၀ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့နယ် စေတီတောင်ဒုက္ခသည်စခန်း၌ ရှစ်ခန်းတွဲ တဲတန်းလျားများ ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ ကျောက်တစ်လုံး ဒုက္ခသည်စခန်း၌ တည်ဆောက်ပြီးဖြစ်သော ရှစ်ခန်းတွဲတဲတန်းလျားအလုံး ၃၀ တွင် ဒုက္ခသည်များအား နေရာချထားပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောက်တစ်လုံးစခန်း၌ ဆောက်လုပ်ရန်ကျန်ရှိသည့် တဲတန်းလျား ၂၂ လုံးအား မိုးမကျမီ အမြန်ပြီးစီးအောင် ဆက်လက်ဆောက်လုပ်ရေး၊ ဒုက္ခသည်စခန်းတွင် ယာယီဆေးပေးခန်းနှင့် ယာယီစာသင်ကျောင်း ဆောက်လုပ်ပေးရေး၊ ရေနှင့် သန့်ရှင်းရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော ကျောက်ဖြူမြို့နယ် ဇင်ချောင်း-ကင်းမြောက်လမ်း ၃ မိုင် ၂ ဖာလုံ ကတ္တရာခင်းနေမှု၊ တောင်ကုတ်တက္ကသိုလ် တည်ဆောက်နေမှု၊ တက္ကသိုလ်ပင်မဆောင်များ၊ ရေလှောင်တမံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

▲ *ကျောဖုံးမှ*

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် အကျိုးပြုမည့် လမ်းအစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

ထို့အပြင် ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းသည် ယခုအခါ အကျယ် ၂၄ ပေ နှစ်လမ်းသွား ကတ္တရာလမ်းဖြစ်ရာ အချိန်မရွေး၊ ရာသီမရွေး မောင်းနှင်အသုံးပြုသွားလာ၍ရသည့်အနေအထားရှိပြီး ထိုင်းနိုင်ငံနှင့် ဆက်စပ်နေသည့် တာချီလိတ် - ကျိုင်းတုံ - တောင်ကြီး-မိတ္ထီလာလမ်းနှင့်လည်း ချိတ်ဆက်အသုံးပြု၍ရသည်။

ထို့ကြောင့် ထိုင်း-မြန်မာ-တရုတ်နိုင်ငံများနှင့် ကားလမ်းချိတ်ဆက်ကာ ဆက်စပ်အသုံးပြု၍ရရှိသည့် အာဆီယံလမ်းအပြင် အာရှလမ်းအစိတ်အပိုင်း တစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည့် ကားလမ်းအစိတ်အပိုင်းဖြစ်သည်။

တစ်ဖန် ကျိုင်းတုံ-မိုင်းလား လမ်းပိုင်းသည် ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာလမ်းဖြစ်သည့် အာဆီယံလမ်းမ-၂ နှင့် ဆက်စပ်ချိတ်ဆက်ထားသည့်အပြင် ထိုင်းနယ်စပ် မြဝတီမြို့မှလာသော အာဆီယံလမ်းမ - ၁ နှင့် မိတ္ထီလာမြို့တွင်ဆုံကာ အိန္ဒိယနယ်စပ် တမူးမြို့အထိ ဖောက်လုပ်ထားသည့် လမ်းအတိုင်း ဆက်သွယ်သွားလာကာ အိန္ဒိယနိုင်ငံသို့ မောင်းနှင်နိုင်သော လမ်းကွန်ရက်အတွင်း၌ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် အရှည် ၁၆၆၅ ကီလိုမီတာရှည်သော အာဆီယံလမ်းမ-၁၊ အရှည် ၈၀၇ ကီလိုမီတာ ရှည်သော အာဆီယံလမ်းမ-၂ တို့နှင့် ပေါင်းဆုံကာ လမ်းကွန်ရက်သဖွယ် ချိတ်ဆက်အသုံးပြုနိုင်သော ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းကား တရုတ်-မြန်မာ-ထိုင်း-အိန္ဒိယနိုင်ငံများအကြား ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် ပီပြင်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ကျိုင်းတုံ - မိုင်းလားလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နိုင်ငံတော်ရန်ပုံငွေဖြင့် ဖောက်လုပ်ဆောင်ရွက်ထားခြင်းဖြစ်ရာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ပြည်ပချိတ်ဆက်လမ်းကွန်ရက် အစိတ်အပိုင်းဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ စီးပွားရေး၊ လူမှုရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည့် အကျိုးပြု လမ်းပိုင်းပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

---

❐ *ကျောဖုံးမှ*

ပတ်သက်၍ လွှတ်တော်သို့ တင်ပြနေသည်များလည်းရှိပါကြောင်း၊ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကိုလည်း လွှတ်တော်မှ ခွင့်ပြုပေးခဲ့ပါကြောင်း၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြထားသည်များလည်းရှိပါကြောင်း၊ လိုအပ်သည်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်၊ ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းက ပြည်သူ့လွှတ်တော် ကျန်းမာရေး မြှင့်တင်မှုကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်က ကျန်းမာရေးကဏ္ဍတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်း ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် လိုအပ်ချက်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဆရာဝန်၊ သူနာပြုများအနေဖြင့် ဆေးပညာကို နှစ်ပေါင်းများစွာ လေ့လာသင်ယူခဲ့ကြရပါကြောင်း၊ နိုင်ငံတော်က ချီးမြှင့်သောလစာငွေဖြင့်ပင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် စေတနာထားပြီး အလုပ်အကျွေးပြုနေကြသည့်အတွက် လေးစားဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံမှ ဆရာဝန်များသည် နိုင်ငံတကာတွင် အဆင့်မီတာဝန်များ ထမ်းဆောင်နိုင်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လွှတ်တော်အနေဖြင့် တည်ဆဲဥပဒေများအား လေ့လာသုံးသပ်ပြီး ပြုပြင်သင့်လျှင် ပြုပြင်ရန်၊ ပြောင်းလဲသင့်က ပြောင်းလဲရန်၊ အစားထိုးသင့်က အစားထိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပြချက်များနှင့်ပတ်သက်၍ အသစ်တည်ဆောက်ရန် လိုအပ်သည့်ကိစ္စများရှိသကဲ့သို့ အဟောင်းများကိုလည်း မြှင့်တင်အသုံးပြုရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းပိုင်းဆိုင်ရာ အချိုးအစား ညီမျှရေး၊ လိုအပ်သောဆေးဝါးနှင့် ပစ္စည်းကိရိယာများအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

---

## မွန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ပုသိမ် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးငွေထွန်းက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် ပေါင်းစပ်၍ မိဘပြည်သူများအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်ပြန်ပေးသည့် မုန်တိုင်းသတင်းအမှန်ကိုသိရှိနိုင်ရန်နှင့် ကြိုတင်ကာကွယ် ပြင်ဆင်ရွှေ့ပြောင်းရေးတို့အတွက် ရေဒီယိုနားထောင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုခြင်းများ ပြုလုပ်ကြရန် လက်ကိုင်အသံချဲ့စက်များဖြင့် နှိုးဆော်တိုက်တွန်း အသိပေးသည့်အပြင် မုန်တိုင်းအန္တရာယ်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**ချိုမာထွန်း**

---

## ယာဉ်မောင်းများလိုက်နာရန် သတိပေးကြေညာချက်

၁။ အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems အသုံးပြုပြီး ရန်ကုန်/မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်မှုကို ဧပြီ ၁ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း သတ်မှတ်အရှိန်နှုန်း ၁ နာရီလျှင် ၁၀၀ ကီလိုမီတာထက် ကျော်လွန်မောင်းနှင်သော ယာဉ်စုစုပေါင်း ၇၂၉ စီးရှိခဲ့ပြီး အမြန်လမ်းယာဉ်စည်းကမ်းတရားရုံး နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အမှုဖွင့်အရေးယူခဲ့ကာ ဒဏ်ငွေများပေးဆောင်သည့် ပြစ်ဒဏ်များ ချမှတ်ခဲ့ပါသည်။

၂။ အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems အသုံးပြုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အပြင် ထိုသို့ဆောင်ရွက်လျက်ရှိသဖြင့် အမြန်လမ်းမကြီးပေါ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံး/ထိခိုက်ဒဏ်ရာရရှိမှုများ လျော့နည်းသွားကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့သော်လည်း ယာဉ်မောင်း၏ ပေါ့ဆမှုနှင့် ယာဉ်၏ ဘီးတာယာများ ကွဲမှုကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များရှိနေဆဲဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အမြန်လမ်းမကြီးအား အသုံးပြုပြီး သွားလာလျက်ရှိသော ယာဉ်များအနေဖြင့် သတ်မှတ်အရှိန်နှုန်းဖြစ်သော ၁ နာရီလျှင် ကီလိုမီတာ ၁၀၀ အတွင်း မောင်းနှင်ရန် လိုအပ်ပါသည်။ ထို့အပြင် ယာဉ်မောင်းများသည်လည်း ပေါ့ဆစွာ အိပ်ငိုက်မောင်းနှင်မှုမပြုရန်နှင့် ယာဉ်၏ ဘီးတာယာများလည်း ကြံ့ခိုင်ကောင်းမွန်ရန် အထူးလိုအပ်ပါကြောင်း သတိပေးအပ်ပါသည်။

**အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး**

---

**စာပေမြင့်မှ လူမျိုးတင့်မည်**

---

## သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူငွေများလှူဒါန်းနိုင်

**နေပြည်တော် မေ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းတစ်တွင်းအတွက် ကုန်ကျငွေမှာ နှစ်လက်မ ပတ်လည် ပေ ၂၀၀ အတွက် ငွေကျပ် ၂၅ သိန်း၊ နှစ်လက်မ ပတ်လည် ပေ ၄၀၀ အတွက် ငွေကျပ်သိန်း ၃၀၊ လေးလက်မ ပတ်လည် ပေ ၂၀၀ အတွက် ငွေကျပ် သိန်း ၃၀၊ လေးလက်မ ပတ်လည် ပေ ၄၀၀ အတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

စေတနာရှင်၊ အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပြီး လှူဒါန်းလိုသူများသည် ဖုန်း ၀၆၇-၄၀၉၀၂၆၊ ၄၀၉၂၁၁၊ ၄၀၉၃၆၂၊ ၄၀၉၄၀၉၊ ၀၁-၂၀၂၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# မြန်မာ့ရိုးရာလက်ဝှေ့ငါးချီစိန်ခေါ် ပွဲများယှဉ်ပြိုင် တူးတူးက ဝင်းထွန်းကို အလဲထိုးအနိုင်ယူ

ပြည်တွင်းသတင်း

**ရန်ကုန် မေ ၁၂**

အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲများအဖြစ် သိမ်ဖြူအားကစားခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ နာမည်ကြီး လက်ဝှေ့သမား ဝင်းထွန်း(အလင်းရောင်) သည် တူးတူး(နဂါးမာန်)၏ အလဲထိုးမှုဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ဝင်းထွန်းသည် တူးတူး၏ ပြင်းထန်သော လက်သီးချက်ကြောင့် ကြမ်းပြင်တွင် လဲကျသွားပြီး ဒုတိယအချီ၌ အနားတောင်းခဲ့ရသည်။ တတိယအချီ ၁ မိနစ်နှင့် ၄၂ စက္ကန့်တွင် တူးတူး၏ လက်သီးချက်ကြောင့် ဒုတိယအကြိမ် ကြမ်းပြင်သို့ လဲကျသွားခဲ့ရာ ပြန်မထနိုင်တော့ဘဲ ပြိုင်ပွဲအဆုံးသတ်သွားခဲ့သည်။

အခြားပြိုင်ပွဲ တစ်ပွဲဖြစ်သည့် စိုးလင်းဦး(မျိုးဇာနည်)နှင့် ထွန်းထွန်းမင်း(နဂါးမာန်)တို့ပြိုင်ပွဲတွင် သွေးသံရဲရဲ ရေကုန်ရေခန်း ငါးချီ ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမရှိ သရေပွဲဖြင့် အဆုံးသတ်ခဲ့ရသည်။ စိုးလင်းဦးသည် လေးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံဖြစ်သလို ထွန်းထွန်းမင်းမှာလည်း ၂၀၁၃ ခုနှစ် ဒဂုံရွှေအောင်လံဆုရှင်ဖြစ်ခြင်းကြောင့် ကြည့်ကောင်းသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့ရသည်။

အခြားပြိုင်ပွဲ တစ်ပွဲဖြစ်သည့် ရဲတံခွန်(အလင်းရောင်)နှင့် ကျားပေါက်(ဘိလပ်မြေစက်ရုံ)တို့၏ ငါးချီစိန်ခေါ်ပွဲမှာလည်း သရေပွဲဖြစ်ခဲ့ရသည်။ ပြိုင်ပွဲစသည်နှင့် ကျားပေါက်က အနိုင်ရလိုဇောဖြင့် ရဲတံခွန်ကို တစ်ရှိန်ထိုး လိုက်ဖိထိုးခဲ့သည်။ သို့သော် ကျားပေါက်ကချုပ်၍ ကိုင်ပေါက်ရာတွင် အထူးကျွမ်းကျင်သလို ရဲတံခွန်ကလည်း အရှောင် အတိမ်းကောင်းသည်။ အလိုက် ကောင်းသူနှင့်အရှောင်ကောင်းသူတို့ ပြိုင်ပွဲ ဖြစ်ခဲ့ခြင်းကြောင့် နှစ်ဖက်စလုံး အထိနာနည်းခဲ့ပြီး ပြိုင်ပွဲအနိုင်အရှုံး ဆုံးဖြတ်ရန် အခက်တွေ့စေခဲ့သည်။ သို့သော်လည်း ရဲတံခွန်သည် ရွှေခါးပတ်ချန်ပီယံဖြစ်သကဲ့သို့ ကျားပေါက်သည်လည်း ၂၀၁၃ အထူး ဒဂုံ ရွှေအောင်လံဆုရှင်ဖြစ်ခြင်းကြောင့် ကြည့်ကောင်းသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**စိုးလင်းဦး (မျိုးဇာနည်)၏ ဘယ်ထောက်လက်သီး ထွန်းထွန်းမင်း (မုဒ္ဒသား)၏ မျက်နှာကို ထိမိစဉ်။**



# လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အပြစ်မဲ့ ပြည်သူသုံးဦး ဒဏ်ရာများရရှိ



**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ကျင်စန်းကျော့လမ်းခွဲမှ (၁၀၅) မိုင် စစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်းဘေးရှိ လူနေအိမ်တစ်လုံးအား မေ ၁၁ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်တွင် မူဆယ်မြို့နယ် အထက်တုံခံကျေးရွာနေ မောင်ကျော်သူထိုက်(၂၄နှစ်)**(ယာပုံ)**၏ ဝဲရင်အုံ လက်နက်ငယ်ကျည်ဖောက်ဝင်ဒဏ်ရာ၊ ဟိုနောင်ကျေးရွာနေ ဦးညီညီ(၃၆နှစ်)၏ ရင်အုံ၊ ယာပါး၊ ယာပေါင်တို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများနှင့် ဦးကျော်မင်းဆွေ (၄၂နှစ်)၏ ဝဲခြေဖနောင့်နှင့် ဝဲပေါင်ရင်းတို့တွင် လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာများ ရရှိခဲ့သဖြင့် နယ်မြေခံစစ်ကြောင်းက မူဆယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နမ့်ခမ်းမြို့ရဲစခန်းမှ ခြောက်ဖာလုံခန့်အကွာ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

**နေပြည်တော် မေ ၁၂**

မေ ၁၁ ရက် ည ၈ နာရီခွဲခန့်က နမ့်ခမ်းမြို့ ရဲစခန်း၏ အရှေ့တောင်ဘက် ခြောက်ဖာလုံခန့်အကွာ အမှတ်(၄)ဝိန်သာရပ်ကွက် နဝရတ်ရိပ်သာအနီးဗိုလ်တဲလမ်းတွင် ပေါက်ကွဲသံတစ်ခုကြားရသဖြင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသည် နဝရတ်ရိပ်သာ အတက်လမ်း၏ ညာဘက်၊ နဝရတ်ရိပ်သာနှင့် တစ်ဖာလုံခန့်အကွာ ကုန်းစောင်းတွင် အချင်း နှစ်ပေ၊ အနက် ခြောက်လက်မခန့်ရှိ ချိုင့်ခွက်တစ်ခု တွေ့ရှိရပြီး ၎င်းနေရာအနီးတွင် မိုင်းအပိုင်းအစများ တွေ့ရှိရကြောင်း၊ အဆိုပါမိုင်းမှာ လက်လုပ်မိုင်း အမျိုးအစားဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူ/တိရစ္ဆာန်/ အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နမ့်ခမ်း မြို့ ရဲစခန်းမှ ခြောက်ဖာလုံခန့် အကွာ၌ မိုင်း ပေါက်ကွဲမှု ဖြစ် ပွား သည့် နေရာ။**

# မိုးမိတ်မြို့နယ်တွင် ဘိန်းဖြူ၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မိုးမိတ်မြို့နယ် အာသံကျေးရွာတွင် မေ ၁ ရက်က ဘိန်းဖြူ၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မိုးမိတ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် အောင်ကျော်စွာ ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၁ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်က မိုးမိတ်မြို့နယ် အာသံကျေးရွာရှိ မောင်နော်ရစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ မောင်နော်ရစ်ထံမှ ဘိန်းဖြူ ၂ ဒသမ ၄ ဂရမ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၅ ပြားနှင့် ၎င်း၏နေအိမ်အတွင်းမှ ဘိန်းစိမ်း ၄၈၉ ဒသမ ၉ ဂရမ်အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**မင်းမင်းဇော်(ကလေး)**

# အထူးကားဖြစ်စဉ်မှန်

**ရန်ကုန် မေ ၁၂**

၂၈-၄-၂၀၁၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ အောင်မင်း၏ သတင်းတိုနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်မှာ အဆိုပါနေ့၌ ပါရမီ(၁၈၂) အထူးယာဉ်သည် သဘာဝဓာတ်ငွေ့အရောင်းဆိုင်တွင် CNG ဖြည့်တင်းပြီး ယာဉ်အကူဖြစ်သူက ကြမ်းခင်းအဖုံးအား ပိတ်ရန်မေ့လျော့ခဲ့ခြင်းကြောင့် အပေါက်ရှိနေသည့်ဟန်ကို မြင်တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ကြမ်းခင်းအဖုံးပိတ်ရန် မေ့လျော့ခဲ့သည့် ယာဉ်အကူနှင့်ယာဉ်မှူးတို့အား ပြစ်ဒဏ်အသီးသီးပေးပြီး ဖြစ်ပါသည်။ အလားတူဖြစ်စဉ်မျိုး အပါအဝင် ခရီးသွားပြည်သူများအား အန္တရာယ်ရှိစေမည့် ဖြစ်ရပ်များမဖြစ်စေရေးအတွက် အစဉ်အလေးထား ကြပ်မတ်လျက်ရှိပါကြောင်း ဖော်ပြရပါသည်။

**ပါရမီသယ်ယူပို့ဆောင်ရေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ (၈၀/၁၀၀) | ၁၇၃၂.၅၅ တန် |

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးကြီး(ရုံး)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
မန္တလေးတိုင်းဒေသကြီး၊
လမ်း၃၀၊ ၇၀×၇၁လမ်းကြား၊
ဖုန်း-၀၂-၃၉၁၈၆၊ ၀၂-၃၉၁၈၄

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ဒေါ်နန်းအိရှန် ၁၃/ကတန(နိုင်)၀၀၇၃၃၅သည် မောင်အရင်းဖြစ်သူ ဦးစိုင်းရွက် ၁၃/ကတန(နိုင်)၀၈၄၃၁၄အား မိမိ ဒေါ်နန်းအိရှန်၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၈၄၈/၁၃ဖြင့် လွှဲအပ်ပြီးဖြစ်ပါ၍ ဒေါ်နန်းအိရှန်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကိစ္စရပ်တို့ကို ဦးစိုင်းရွက်နှင့်သာ ဆက်သွယ်ဆောင်ရွက်ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ခင်မောင်ဌေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၃၁)**
**အမှတ်(၁၂၈)၊ ပထမထပ်၊ ၄၁လမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၄၅၇၈၄**

**အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်**

**မြန်မာ့ရတနာဘဏ်လီမိတက်**
**(Treasure Bank of Myanmar Ltd.)**
**(ယခင်)**
(မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်) နာမည်ပြောင်း ဖွင့်လှစ်ခြင်းအား လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း။
**မေဇင်သိန်းလမင်းဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**
**မော်တော်ယာဉ် အရောင်းပြခန်း၊ အမှတ် ၆၀၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၁၇၃၈၅၈၊ ၄၂၅၃၂၆၉၆၉၊ ၄၄၄၀၂၅၂၅**

ဆောင်းပါး

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်ခြင်းအပေါ် တောင်သူများ ကျေနပ်ဝမ်းမြောက်လျက်ရှိ

## အမေးအရေး-အောင်သီခ

ပြီးခဲ့သည့် မေ ၇ ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ်၊ ၇၃၅/၂၀၁၃ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်း အမိန့်ကြော်ငြာစာအရ နိုင်ငံတော်၏ လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊ ဓာတ်မြေသြဇာနှင့်လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်ရောင်းချမှုတို့အပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

ယင်းသို့ကင်းလွတ်ခွင့်ပြုလိုက်သည့်အပေါ် တောင်သူလယ်သမားကြီးများနှင့် လယ်ယာကဏ္ဍနှင့်ဆက်စပ်သူများအား တွေ့ဆုံ၍ ၎င်းတို့၏ထင်မြင်ယူဆချက်များကို မေးမြန်းခဲ့ပါသည်-

**ဦးမျိုးသန့်**
**တောင်သူကြီး**
**ရန်ကင်းတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်**

ကျွန်တော့်မှာ ထွန်စက်ကြီးတစ်စီး၊ ဂွန်ဒေါင်းသုံးစီးနဲ့ထော်လာဂျီသုံးစီး ရှိပါတယ်။ ဧက ၁၀၀ ကျော်စိုက်ပျိုးဖို့ အသုံးပြုနေရတဲ့အတွက် လုံလောက်မှု မရှိပါဘူး။ နောက်ပြီး စိုက်ပျိုးမြေလည်း ထပ်ပြီးတိုးချဲ့ဦးမှာဖြစ်တဲ့အတွက် စက်တွေထပ်ဝယ်ရဦးမှာပါ။

လယ်မြေဧက ၁၀၀ ကျော်တဲ့အတွက် မြေဆီနဲ့ဆေးဖိုးကလည်း တစ်ရာသီဆိုရင် သိန်းရာဂဏန်းအထိကုန်ပါတယ်။အခုပိုးသတ်ဆေးတွေ၊ ဓာတ်မြေသြဇာတွေ၊ လယ်ယာသုံးစက်ကိရိယာတွေအတွက် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးလိုက်ပြီဆိုတော့ ဒီပစ္စည်းတွေ ဈေးသက်သာတော့မှာပါ။ အဲဒီလိုသက်သာရင် အရင်းအနှီးများများနဲ့ လုပ်ငန်းကြီးလုပ်နေရတဲ့ ကျွန်တော့်လိုတောင်သူကြီးတွေအတွက် ပိုတွက်ခြေကိုက်တာပေါ့ဗျာ၊ အတိုင်းထက်အလွန်ပေါ့။

**ဦးခင်မောင်စိုး**
**တောင်သူ**
**ထန်းတပင်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်**



ကျွန်တော်က လွန်ခဲ့တဲ့ ၂၅ နှစ်ကတည်းက လက်တွန်းလယ်ထွန်စက် သုံးခဲ့ပါတယ်။ အဲဒီတုန်းက ကျပ် ၁၆၀၀၀၀ ပဲ ပေးရပါတယ်။ ခုပေါက်ဈေးက ၁၂ သိန်းဝန်းကျင်လောက်ရှိပါတယ်။ ဒါပေမယ့် စပါးဈေးနဲ့တွက်ရင်တော့ သက်သာတယ်ဆိုရမှာပါ။ ကျွန်တော်ဝယ်တုန်းက စပါးတင်း ၁၀၀ကို သုံးသောင်းဈေးပါ။ အဲဒီတော့ တင်း ၆၀၀ လောက်ရောင်းမှ ဒီစက်မျိုးဝယ်နိုင်တာပါ။ ခုစပါးတင်း ၁၀၀ ကို လေးသိန်းပတ်ချာလည်ဆိုတော့ တင်း ၃၀၀ ကျော် ၄၀၀ လောက်ရောင်းရုံနဲ့ စက်တစ်စီးဝယ်နိုင်ပါတယ်။ စဝယ်တုန်းက တခြားတောင်သူတွေဆီမှာ ဒီစက်မျိုးမရှိတော့ အငှားလိုက်ပေးရပါတယ်။ နောက်ကျွန်တော်သုံးတာအဆင်ပြေမှန်းလည်းသိရော နောက်သုံးလေးနှစ်မှာ တခြားတောင်သူတွေလည်းလိုက်ဝယ်ကြပါတယ်။ လယ်ယာသုံးစက်ကိရိယာဆိုတာ တောင်သူတိုင်းအတွက် အသုံးတည့်ပါတယ်။ ဈေးကြီးလို့သာ မဝယ်နိုင်တာပါ။ ဈေးသက်သာလာမယ်ဆိုရင် လူတိုင်းဝယ်မှာ မလွဲပါဘူး။



**ဦးစိန်ဝင်း**
**တောင်သူ**
**အောင်သုခကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်**

ကျွန်တော့်မှာ လယ်ငါးဧက ရှိပါတယ်။ ခုပုလဲသွယ်စိုက်ထားပါတယ်။ အရင်က ရွှေသွယ်ရင်တို့၊ သုခတို့စိုက်ပါတယ်။ ဘာပဲစိုက်စိုက် မျိုးဖိုးထက် သွင်းအားစုဖိုးက ပိုကုန်ပါတယ်။ မြေဆီဖိုးရယ်၊ ပေါင်းသတ်ဆေးရယ်၊ အားဆေး ရယ်စသဖြင့်ပေါ့။ ထွန်ယက်တာကတော့ အရင်ကလို ကျွဲနွားနဲ့လုပ်ရင် တစ်ဧက ၁၂၀၀၀ လောက်ကုန်ပါတယ်။ ခုတော့စက်မှုလယ်ယာက လာလုပ်ပေးပါတယ်။ ကျွန်တော့်ရွာမှာတော့ တချို့တောင်သူတွေက လက်တွန်းထွန်စက်တွေ ဝယ်ထားကြပါတယ်။ ကျွန်တော်လည်း ဈေးသက်သာမယ်ဆိုရင်ဝယ်နိုင်မှာပါ။ အရောင်းဆိုင်တွေက ဈေးလျှော့ရောင်းမယ်ဆိုရင် တောင်သူတွေအတွက် ပိုအဆင်ပြေမှာပါ။ အခုတော့ စက်လိုရင် ငှားသုံးနေရတုန်းပါ။

**ဦးကျော်ဆန်း**
**တောင်သူ**
**ညောင်တုန်းကျေးရွာ**
**ဒက္ခိဏသီရိမြို့နယ်**



စပါးတစ်ဧက စိုက်စရိတ်က စစိုက်တာကနေ ရိတ်ပြီးခြွေပြီးတဲ့အထိ အားလုံးပေါင်း ၂၈၀၀၀၀ လောက် ကုန်ပါတယ်။ အထွက်က တင်း ၇၀ တင်းတင်းပါပဲ၊ လွန်လှ လေးငါးတင်းပေါ့။ စပါးထွက်ချိန်မှာ ဈေးက သုံးသိန်းခွဲ၊ လေးသိန်းလောက်ပဲရတယ်။ တင်း ၇၀အထွက်ကို လေးသိန်းဈေးနဲ့တွက်ကြည့်ရင် ၂၈၀၀၀၀ ပဲရပါတယ်။ အဲဒီတော့ အရင်းကျေရုံပဲရကြပါတယ်။ ကိုယ့်အတွက်က တစ်ဧကအများဆုံးရမှ လေးငါးဆယ်တင်းပဲ။ လှောင်ထားပြီး နောက်စပါးစိုက်ချိန်ကျမှ ရောင်းရင်တော့ တင်း ၁၀၀ကို ၅၆၀၀၀၀ လောက်ရတဲ့အတွက် အမြတ်ကျန်နိုင်ပါတယ်။ ဒါပေမယ့် ဧကနည်းတဲ့ ရရစားစားတောင်သူတွေကတော့ မလှောင်နိုင်ပါဘူး၊ မစိုက်ခင် အကြွေးယူ၊ လေးလကြာစပါးပေါ်တာနဲ့ပြန်ဆပ်၊ ပြီးစိုက်ဖို့ပြန်ယူနဲ့ ဘာမှမကျန်ပါဘူး၊ လူမည်း၊ ကျွဲပိန်တာပဲ အဖတ်တင်ပါတယ်၊ ဒါကြောင့်လည်းတောင်သူတွေမှာ ဘာမှမရှိတာပေါ့။

အခုတော့ အရင်ကထက်စာရင် အလားအလာတွေ အများကြီးကောင်းလာပါပြီ။ ကျွန်တော်တို့ မြေတွေကို နိုင်ငံတော်က စက်မှုလယ်ယာမြေအဖြစ်ပြောင်းပေးလိုက်တဲ့အတွက် စိုက်ရေးပျိုးရေးတွေ အဆင်ပြေလာပါပြီ။ အပင်တွေလည်း ရေဝဝလင်လင်သောက်လို့ရပါပြီ။ ထွန်စက်တွေနဲ့ ထွန်ယက်ပေးလို့လည်း အရင်ကလို ထွန်ရှည်းမငှားရတော့ပါဘူး။ ရိတ်ချိန်ကျတော့လည်း အရင်ကလို ကိုယ့်အလှည့်မြန်မြန်ကျဖို့ စာရင်းငှားကို မခရတော့ပါဘူး။ အကုန်လုံးစက်တွေနဲ့ပဲ လုပ်လို့ရသွားပြီ။ ဒါပေမယ့် ဒီစက်တွေက ငှားသုံးနေရတာပါ။ ဈေးသက်သာလာမယ်ဆိုရင်တော့ စက်ကိုတစ်ဦးတည်းပိုင်ဝယ်မယ် စိတ်ကူးထားပါတယ်။ ကိုယ်လည်းထွန်၊ အငှားလည်းလိုက်စားပေါ့ဗျာ၊ တစ်ဧက နှစ်စပ်ထွန်ရရင် ၁၂၀၀၀ ရတယ်ဗျ၊ ဒါပေမယ့် စက်ကိရိယာတွေ ဈေးသက်သာလာတာနဲ့အမျှ ထွန်ငှားခလည်း သက်သာလာမယ်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ့ရှေ့တော့ တောင်သူတွေ ချောင်လည်လာလိမ့်မယ်ထင်ပါတယ်။ အခွန်ကင်းလွတ်ခွင့်ပေးတဲ့အတွက် တောင်သူတွေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

**ဦးစိုးလှိုင်**
**ညွှန်ကြားရေးမှူးချုပ်**
**စက်မှုလယ်ယာဦးစီးဌာန**

ကျွန်တော့်ဌာနကတော့ လယ်ယာသုံးစက်ကိရိယာတွေမထုတ်လုပ်တော့ပါဘူး၊ အရင်ကရှိတဲ့ စက်ရုံတွေကို ပုဂ္ဂလိကကို လွှဲပြောင်းပေးလိုက်ပါပြီ။ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ တောင်သူတွေကိုတော့ ကျွန်တော့်ဌာနမှာရှိတဲ့ စက်ကိရိယာတွေနဲ့ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆိုရင်တော့ ထိရောက်မှုအားနည်းပါလိမ့်မယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့အတွက်ဆိုရင် စက်မှုလယ်ယာစနစ်ကို မဖြစ်မနေ ပြောင်းလဲမှ ဖြစ်မှာပါ။ ဒီလိုပြောင်းလဲနိုင်ဖို့ဆိုရင် တောင်သူအားလုံး လယ်ယာသုံးစက်ကိရိယာတွေကို ကိုယ်ပိုင် ပိုင်ဆိုင်လုပ်ကိုင်နိုင်မှသာ စက်မှုလယ်ယာစနစ်ပီပြင်လာမှာပါ။ ဂျပန်လိုနိုင်ငံမျိုးမှာ တောင်သူတိုင်း စက်ကိရိယာပိုင်ဆိုင်သုံးစွဲနိုင်ပေမယ့် ကျွန်တော်တို့ဆီက တောင်သူတွေကတော့ မပိုင်ဆိုင်နိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာသုံးစက်ကိရိယာတွေရဲ့ ဈေးကကြီးမြင့်နေလို့ပါ။

ဒီမှာက တခြားနိုင်ငံကနေသယ်ယူရတဲ့ သယ်ယူပို့ဆောင်စရိတ်၊ ဆိပ်ကမ်းကို ရောက်တာကနေ အရောင်းဆိုင်ရောက်တဲ့အထိ အခွန်အမျိုးမျိုးပေးဆောင်နေရတာရယ်၊ တောင်သူကဝယ်တော့လည်း ဝင်ငွေခွန်ပေးဆောင်ရတာတွေရယ် ပေါင်းလိုက်ရင် တောင်သူ့လက်ထဲကို ဒီလယ်ယာသုံးစက်ကိရိယာ ရောက်တဲ့အခါ ဈေးနှုန်းက တော်တော်ကို များသွားပါပြီ။ သူများနိုင်ငံတွေထက် ဈေးကြီးနေတာအမှန်ပါပဲ။

အခု ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးလိုက်ပြီဆိုတော့ ဈေးနှုန်းသက်သာသွားမှာပါ၊ ဈေးသက်သာတော့တောင်သူတွေဝယ်နိုင်မယ်၊ ဝယ်ပြီးကိုယ်ပိုင်စက်ကိရိယာနဲ့လုပ်တော့ ကိုယ်လုပ်ချင်တဲ့အချိန်မှာ ကိုယ့်စိတ်ကြိုက် ထွန်နိုင်၊ ယက်နိုင်၊ စိုက်ပျိုးရိတ်သိမ်းနိုင်မယ်။ ဒီတော့ သီးနှံအထွက်ကောင်းပြီး အလေအလွင့်နည်းပါးလာမှာဖြစ်တဲ့အတွက်တောင်သူတွေ ဝင်ငွေကောင်းလာမယ်။ ဒါကြောင့် ဒီလိုကင်းလွတ်ခွင့်ပေးတာဟာလယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေပါလိမ့်မယ်။

တစ်ခုရှိတာက ပြည်တွင်းမှာလယ်ယာသုံးစက်ကိရိယာထုတ်လုပ်သူတွေ အနေနဲ့ကတော့ အခက်အခဲရှိနေဦးမယ်ထင်ပါတယ်။ စက်ကိရိယာတွေ ထုတ်လုပ်နိုင်ဖို့အတွက်လိုအပ်တဲ့ သံချောင်း၊ သံပြား၊ ဘောဘယ်ရီ၊ စက်ပစ္စည်း အစိတ်အပိုင်းစတာတွေကို ပြည်ပကနေမှာယူ တင်သွင်းရပါတယ်။ ဒါတွေသွင်းတဲ့အခါကျတော့ သတ်မှတ်ထားတဲ့ အခွန်ကို ပေးဆောင်ရပါတယ်။

ဒီတော့ ကုန်ကြမ်းပစ္စည်းဈေးမြင့်တဲ့အခါကျတော့ ကုန်ချောဖြစ်တဲ့ လယ်ယာသုံးစက်ကိရိယာတွေဈေးက ချပေးလို့မရတော့ဘူး။ ပြည်ပကနေ စက်ကိရိယာအလုံးလိုက်သွင်းပြီး ရောင်းတဲ့သူတွေရဲ့ဈေးကို ယှဉ်နိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ပြည်တွင်းမှာ လယ်ယာသုံးစက်ကိရိယာ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက်တော့ အခက်အခဲဖြစ်နိုင်ပါတယ်။

**တာဝန်ရှိသူတစ်ဦး**
**Alliance Star ကုမ္ပဏီ၊ နေပြည်တော်**

ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့လို လယ်ယာသုံးစက်ကိရိယာတွေရောင်းချပေးနေတဲ့ ကုမ္ပဏီတွေအနေနဲ့ အရင်းတန်ဖိုးလျော့သွားမယ်။ ဒီတော့ ရောင်းချရာမှာလည်း အရင်ကထက်ဈေးလျှော့ပြီးရောင်းနိုင်မယ်။ ဈေးသက်သာလာတော့ တောင်သူတိုင်း ဝယ်ယူသုံးစွဲလာကြပါလိမ့်မယ်။ ကျွန်တော်တို့လည်း အခုထက်ပိုပြီး အရောင်းသွက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ထိုသို့ တွေ့ဆုံမေးမြန်းပြီးနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းကြည့်ရာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုပေးသည့်အပေါ် တောင်သူများ လက်တွေ့အကျိုးခံစားနိုင်ရန်အတွက် လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် ကုန်ပစ္စည်းများရောင်းချပေးသည့် အရောင်းဆိုင်များအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုပေးသည့် ငွေပမာဏကိုလျှော့ချ၍ ရောင်းချပေးခြင်းရှိမရှိကို သက်ဆိုင်ရာမြို့နယ်များရှိ အခွန်ဦးစီးဌာနများက သွားရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိခဲ့ရသည်။

**လယ်ယာသုံး စက်ကိရိယာ**



ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်ခြင်းကြောင့် တောင်သူများအတွက် တန်ဖိုးလျှော့ချ ရောင်းပေးနိုင်မည့် လယ်ယာသုံး စက်ကိရိယာများ။



ခေတ်မီ လယ်ယာသုံး စက်ကိရိယာများ အသုံးပြု၍ လယ်ယာလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# မုန်တိုင်းနဲ့ဆိုင်တဲ့ ထူးခြားမှုများကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများက အချိန်နှင့်တစ်ပြေးညီပေးပို့နေ

တွေ့ဆုံမေးမြန်း-သူရဇော်
ဓာတ်ပုံ-မိုး/ ဇလ

*(ယမန်နေ့မှအဆက်)*

**မေး ။ ဒီအချိန်၊ ဒီကာလဟာ မြန်မာနိုင်ငံမှာ မုန်တိုင်းဝင်ရောက်လေ့ရှိတာကြောင့် မုန်တိုင်းရဲ့ သဘောသဘာဝလေးကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ မြန်မာနိုင်ငံအတွင်း မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်နိုင်မှုအနေနဲ့ မိုးဦးအကြိုကာလဖြစ်တဲ့ ဧပြီ၊ မေလနဲ့ မိုးနှောင်းကာလဖြစ်တဲ့ စက်တင်ဘာနဲ့ အောက်တိုဘာလတွေဆိုပြီး ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ယခုနှစ် မိုးဦးအကြိုကာလဖြစ်တဲ့ ဧပြီလအတွင်း မုန်တိုင်းဖြစ်ပေါ်မှုမရှိခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ ဧပြီလအတွင်းမှာ မြန်မာနိုင်ငံမှာ မုန်တိုင်းဖြစ်မှာကို စိုးရိမ်ခဲ့တယ်၊ ဘာကြောင့် စိုးရိမ်လဲဆိုတော့ အကြောင်းနှစ်မျိုးပေါ့၊ တစ်မျိုးကအဲဒီမုန်တိုင်းဖြစ်နိုင်တဲ့ အချိန်မှာ ကျွန်တော်မြန်မာပြည်မှာမရှိဘူး။ မကာအိုနိုင်ငံမှာ လူထုအခြေပြု မိုးလေဝသနှင့်ပတ်သက်ပြီးတော့ အစည်းအဝေးသွားတက်ဖို့ရှိပါတယ်၊ ရှိတော့ ကျွန်တော်စိုးရိမ်ပါတယ်၊ စိုးရိမ်တဲ့အတွက် ကျွန်တော်တို့ဌာနက ဝန်ထမ်းများနဲ့အတူ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေများကို အသေအချာတွက်ချက်ကြည့်ပါတယ်၊ တွက်ကြည့်တော့ လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်နိုင်ပြီးတော့ မုန်တိုင်းငယ်အဖြစ်ရောက်နိုင်တာတွေ့တော့ ခန့်မှန်းတွက်ကြည့်ပြန်ပါတယ်၊ တကယ်ကျတော့ လေဖိအားနည်းရပ်ဝန်းလေးပျိုးလိုက်တဲ့အချိန်တိုင်းမှာ လေဖိအားနည်းရပ်ဝန်းကို ပိုမိုအားကောင်းစေနိုင်တဲ့ လက္ခဏာတွေမပြဘဲနဲ့ အဲဒီလေဖိအားနည်းရပ်ဝန်းလေးကို အားပျော့ပျက်ပြယ်စေနိုင်တဲ့ ဖြစ်စဉ်တွေတိုးဝင်လာပါတယ်။

ဥပမာအားဖြင့် ဒီမုန်တိုင်းတွေရဲ့သဘောက ရေသေရက်တွေမှာ ပိုပြီးတော့အားကောင်းပြီး ရေထရက်တွေမှာ အားနည်းပျက်ပြယ်ပါတယ်၊ လေဖိအားနည်းရပ်ဝန်းလေးပျိုးလိုက်တိုင်းမှာ ရေထရက်တွေနဲ့ ကြုံရတယ်။ ဒါကတစ်ချက်ပါ၊ ဒီလေဖိအားနည်းရပ်ဝန်းလေးဖြစ်တဲ့အချိန်တိုင်းမှာ ပင်လယ်ပြင်မှာရှိတဲ့ ရေမျက်နှာပြင်အပူချိန်ဟာ တက်ရပ့်မယ်၊ အနည်းဆုံးလိုအပ်ချက်က ၂၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက်ပိုရပါမယ်၊ လေဖိအားနည်းရပ်ဝန်းလေးမဖြစ်ခင်မှာ ပင်လယ်ရေမျက်နှာပြင်အပူချိန်က ၂၇ တို့ ၂၈ တို့ရှိပါတယ်။ လေဖိအားနည်းရပ်ဝန်းလေးဖြစ်လာတော့ ၂၆ ဒီဂရီစင်တီဂရိတ်အောက်ကျသွားတော့ ပင်လယ်ပြင်က ရေငွေ့မပြန်တော့ဘူး။ Support မလုပ်တော့ ရေငွေ့ထပ်မရတော့ ပိန်ရှုံ့သွားပြီး ပျက်ပြယ်သွားပါတယ်။ အဲဒီလိုနဲ့ ဧပြီလမှာ မုန်တိုင်းမဖြစ်ခဲ့ပါဘူး။ မဖြစ်ခဲ့တော့ ကျွန်တော်တို့က ဝမ်းသာပါတယ်။ ဒါပေမယ့် ဒီလိုမုန်တိုင်းမဖြစ်ခြင်းကြောင့် အကျိုးယုတ်တာလည်းရှိပါတယ်။

**မေး ။ မုန်တိုင်းဖြစ်တဲ့အတွက် ကောင်းတဲ့အချက်လည်း ရှိသလားဆရာ။**

ဖြေ ။ ရှိပါတယ်။ ကောင်းတဲ့အချက်က ဘာလဲဆိုတော့ သောက်သုံးရေပါ၊ အဲဒီမုန်တိုင်းလေးဖြစ်လိုက်ရင် မိုးလေးရွာလိုက်ရင် အေးသွားမယ်၊ အပူချိန်ကျသွားမယ်၊ အပူချိန်ကျသွားသလို ကန်တွေချောင်းတွေမှာရှိတဲ့ ရေတွေရဲ့ရေငွေ့ပျံ့နှုန်းလည်းကျသွားမယ်၊ ရေငွေ့ပျံ့နှုန်းလျော့ကျသွားရင် ရေခန်းတာလည်း သက်သာသွားမယ်၊ ရေခန်းတာ သက်သာမယ်ဆိုတော့ သောက်သုံးရေကန်ထဲမှာ ရေကျန်မှာဖြစ်ပါတယ်။ အနည်းဆုံး လူမသုံးနိုင်ရင်တောင် ကျွဲ၊ နွားစတဲ့ တိရစ္ဆာန်တွေသောက်လို့ရမယ့် ရေလောက်တော့ကျန်မယ်။ ပတ်ဝန်းကျင်လည်း စိမ်းစိမ်းစိုစိုဖြစ်ပြီးအေးချမ်းမယ်၊ မုန်တိုင်းမဖြစ်တော့ အလယ်ပိုင်းဒေသတွေမှာ လူနဲ့တိရစ္ဆာန်တွေအတွက် ငွေကြေးအကုန်အကျများစွာခံပြီးတော့ ရေပိုတွေလှူနေရတယ်၊ အကယ်၍များ ဧပြီမှာ မုန်တိုင်းလေးဖြစ်ပြီးတော့ သုဝဏ္ဏသာမဇာတ်တော်ထဲက ဆုတောင်းလေးအတိုင်းဖြစ်တဲ့ သားရွှေအိုးလေးထမ်းသလို မုန်တိုင်းလေးတော့ဖြစ်မယ်။

ကိုယ့်နိုင်ငံထဲတော့မဝင်ဘဲ မုန်တိုင်းအကျိုးလေးတော့ ခံစားချင်တယ်လေ၊ မုန်တိုင်းမဖြစ်တော့ ဘယ်နိုင်ငံမှရေမရတော့ဘူး၊ မိုးမရတော့ ကျွန်တော်တို့နိုင်ငံအပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စတဲ့နိုင်ငံတွေမှာ အကုန်လုံးသောက်သုံးရေပြဿနာကြုံတွေ့နေရပါတယ်၊ မုန်တိုင်းမဖြစ်ပေါ်တဲ့အတွက် ကျွန်တော်တို့ဘက်မှာ လာပြီးတော့ ဆုတ်ယုတ်ရတဲ့အကြောင်းပါ။ မုန်တိုင်းမဖြစ်ပေါ်တဲ့အတွက် အကျိုးရှိတာကတော့ မုန်တိုင်းဒဏ်လူတွေမခံစားရတာပါ၊ ဒီလိုတော့ တွေ့ရပါတယ်၊ မေလအတွင်း မုန်တိုင်းဝင်ရောက်တာက ပုံမှန်အတိုင်းပါပဲ၊ နှစ်စဉ်မေလအတွင်းမှာ မုန်တိုင်းဝင်ရောက်မှုဖြစ်စဉ်များကတော့ မေလရဲ့ ပထမ ၁၀ ရက်အတွင်းမှာပဲ ဖြစ်ပါတယ်။

အခုမုန်တိုင်းကြီးအနေနဲ့ ပင်လယ်ပြင်အတွင်းမှာရှိတဲ့ ရေငွေ့တွေကို သိမ်းကျုံးပြီး အားလုံးယူလိုက်တယ်၊ ပြီးရင် ပတ်ဝန်းကျင်ကို မိုးအဖြစ် ရွာချလိုက်တယ်၊ ပတ်ဝန်းကျင်က အေးသွားပြီး အပူချိန်လျော့ကျစေပါတယ်၊ ပတ်ဝန်းကျင်မှာ မပူဘူးဆိုရင် ရေငွေ့သိပ်မပြန်တော့ဘူး၊ အခုဖြစ်နေတဲ့ မုန်တိုင်းက မေလ ၁၆ ရက်နှင့် ၁၇ ရက်အတွင်း ပြီးမယ်ဆိုတော့ နောက်တစ်ကြိမ်မုန်တိုင်းဖြစ်ဖို့ အခွင့်အလမ်းအလွန်နည်းပါးသွားပြီဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘင်္ဂလားပင်လယ်အော်ကြီးထဲမှာ ယခုလို မုန်တိုင်းတစ်ခုဖြစ်ပေါ်ဖို့အတွက် ရေငွေ့ဟာ အနည်းဆုံးရက်ပေါင်း ၂၀ လောက်စုရမယ်ဆိုတော့ အခုလ ၁၆ ရက်ကနေ ရက် ၂၀ ထပ်ပေါင်းရင် ဇွန်လထဲရောက်သွားမယ်၊ မေလထဲမှာတော့ နောက်တစ်ကြိမ် နောက်ထပ်တစ်လုံးထပ်ဖြစ်ဖို့ နှစ်ရာခိုင်နှုန်းလောက်ပဲရှိပါတယ်၊ ဇွန်လထဲထပ်မံဖြစ်ပေါ်လည်းပဲ အခုဖြစ်တဲ့ မုန်တိုင်းလောက် အင်အားမကောင်းနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မုတ်သုံမိုးရွာပြီးသွားတဲ့အတွက် အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းဒေသတွေမှာ နေထိုင်ကြတဲ့သူများဟာ မိုးတွင်းကာလ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ နေ့စဉ်လေတိုက်နှုန်းဟာ မုတ်သုံလေ အားကောင်းပြီးတော့ ၂၅နဲ့ ၃၀တိုက်ခတ်မှုကို ခံစားရပါတယ်၊ လေဖိအားနည်းရပ်ဝန်းဇုန်နဲ့ တိုက်တဲ့ လေတိုက်နှုန်းနဲ့တူပါတယ်၊ တကယ်လေဖိအားနည်းရပ်ဝန်းမှာ တိုက်တဲ့လေက မုန်တိုင်းဖြစ်တော့ နည်းနည်းလေးလေတိုးတိုက်ပါတယ်၊ ဒါကြောင့် အဆိုပါဒေသနေသူတွေရဲ့စိတ်မှာ မုန်တိုင်း




မေလကုန်လို့ ဇွန်လဆန်းတယ်ဆိုရင် အနည်းဆုံး နေပြည်တော်အပါအဝင် မြန်မာနိုင်ငံအတွင်းကို အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပြီး ဖြစ်တဲ့အတွက် မိုးရွာသွန်းထားတာကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းကနေ အောက်ပိုင်းအထိ အေးသွားပါတယ်၊ အေးသွားတဲ့အတွက် ပင်လယ်ပြင်နဲ့ ကုန်းမြေဒေသအကြား အပူချိန်ကွာခြားချက် သိပ်မရှိတော့ပါဘူး၊ မုန်တိုင်းဖြစ်ပေါ်လာလောက်အောင် အခြေအနေမရှိတော့ပါဘူး၊ ဒီမိုးဟာ ပင်လယ်ပြင်မှာလည်း ရွာသွန်းခဲ့တဲ့အတွက် ပင်လယ်ရေမျက်နှာပြင်မှာလည်း အပူချိန်ကျသွားမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ မုန်တိုင်းတစ်ခုဖြစ်ဖို့ လိုအပ်တဲ့ အပူချိန်ပမာဏ ၂၆ ဒသမ ၅ နဲ့ ၂၆ အတွင်းမှာသာရှိနေပြီး မုန်တိုင်းဖြစ်ဖို့အခွင့်အလမ်းနည်းသွားပါတယ်၊ မုန်တိုင်းဖြစ်ပေါ်လာရင်လည်း အင်အားမကောင်းနိုင်ပါဘူး၊ မိုးကြိုကာလလို့ခေါ်တဲ့ မုတ်သုံမဝင်မီကာလနဲ့ မိုးဦးလို့ခေါ်တဲ့ မြန်မာနိုင်ငံတောင်ပိုင်းကို မုတ်သုံလေဝင်ရာကနေပြီးတော့ ဇွန်လအကုန်ထိကိုခေါ်ပါတယ်၊ အဲဒီလို မိုးဦးကာလအတွင်းမှာတောင် မေလမှာဖြစ်တဲ့မုန်တိုင်းက အားပိုမိုကောင်းမွန်ပါတယ်၊ ဇွန်လမှာဖြစ်တဲ့ မုန်တိုင်းက မေလမှာဖြစ်တဲ့ မုန်တိုင်းလောက် အင်အားမကောင်းတော့ပါဘူး၊ တစ်နည်းပြောရရင် အင်အားနည်းသွားတယ်၊ ဇွန်လမှာဖြစ်တဲ့ မုန်တိုင်းတွေကတော့ ရေရရှိရေးအတွက် များစွာအထောက်အကူဖြစ်ပါတယ်၊ ဒါပေမယ့် တစ်ခုရှိတာက ပင်လယ်ထဲမှာ ဘယ်အချိန်မဆို မုန်တိုင်းဖြစ်ပေါ်ရင် သူနဲ့အနီးပတ်ဝန်းကျင်မှာ လှိုင်းလေပြင်းထန်ပြီးတော့ ငါးဖမ်းလှေငယ်များနစ်မြုပ်နိုင်တယ်၊ အဓိကအားဖြင့် ပေါ်ပေါက်လာတဲ့ လှိုင်းလေဒဏ်မခံနိုင်တဲ့ လှေများအနေနဲ့ ပင်လယ်ပြင်ကို ထွက်ခွာခြင်းမပြုဘဲ ခေတ္တရှောင်တိမ်းသင့်တယ်လို့ အကြံပေးလိုပါတယ်၊ မိုးဦးကာလမုန်တိုင်းလို မပြင်းထန်တဲ့ အခါကျတော့ လူတွေက မုန်တိုင်းဖြစ်နေတယ်လို့တောင် သိပ်မထင်ဘူး၊ လို့မထင်သေးဘူး။ မုတ်သုံလေအားကောင်းလို့ မနေ့ကထက် ပိုတိုက်တာလို့ထင်ပြီး ငါးထွက်ဖမ်းတော့ လေဖိအားနည်းရပ်ဝန်းကနေ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနေပြီဖြစ်ကြောင်း မိုးလေဝသကနေကြေညာတော့ ပင်လယ်ထဲရောက်ကုန်ကြပြီ၊ အဲဒီမုန်တိုင်းက ပိုပြီးအားကောင်းလိုက်တာနဲ့ သူတို့လှေတွေ နစ်မြုပ်ဆုံးရှုံးသွားနိုင်ပါတယ်၊ သူတို့ ကမ်းပြန်ကပ်နိုင်ဖို့ အချိန်မရတော့ပါဘူး။

အဲဒီလိုမျိုးမကြုံတွေ့ရအောင် အခုကတည်းက ဇွန်လမတိုင်ခင် ငါးဖမ်းလုပ်သားများသတိပြုမိဖို့ မီဒီယာကနေတင်ပြထားတာပါ၊ အဲဒီဒေသနေထိုင်ကြသူတွေအနေနဲ့က ပင်လယ်တို့ မုန်တိုင်းတို့ရဲ့ သဘောသဘာဝကိုကျွမ်းကျင်ကြပါတယ်၊ ရေနှင့်ဖက်ပြီး မွေးဖွားလာကြတဲ့အပြင် ငယ်ငယ်ကတည်းက ငါးဖမ်းလာကြသူများဖြစ်တဲ့အတွက် ရခိုင်ကမ်းရိုးတန်းဒေသရဲ့ မိုးလေဝသ၊ လေတိုက်ခတ်မှုနဲ့ မိုးရွာသွန်းမှုတွေကို သူတို့နားလည်ကြပါတယ်၊ သူတို့ရဲ့ခွဲခြားနိုင်စွမ်းက မုတ်သုံလေအားကောင်းခြင်းနှင့် မုန်တိုင်းဖြစ်ပေါ်မယ့် လေတိုက်ခတ်နှုန်းမတူတာကို မခွဲခြားနိုင်ခြင်းဖြစ်ပါတယ်၊ ရခိုင်မှာ တစ်နာရီ မိုင် ၄၀ နှုန်းနဲ့ မုန်တိုင်းတိုက်ခတ်ရင် ရခိုင်ကမ်းရိုးတန်းနေထိုင်ကြသူများက မမှုကြပါဘူး၊ ဒါပေမယ့် ၄၀ ပြီး ၅၀ လာမယ်၊ ၅၀ ပြီး ၆၀ လာမယ်။ အဲလို ၆၀ လာချိန်မှာတော့ ကမ်းနဲ့ မိုင် ၅၀ ကွာရောက်နေပြီဆိုရင် ကမ်းကို ပြန်ကပ်နိုင်ဖို့က မမီတော့ဘူး။ အဲဒါမျိုးမှာ အန္တရာယ်ဖြစ်နိုင်တယ်၊ ကျန်တာကတော့ သူတို့အနေနဲ့ မိုးဦးကာလတိမ်တက်လာတာမြင်ရုံနဲ့ ရာသီဥတုဖောက်ပြီ၊ ဒါပုံမှန်မဟုတ်တော့ဘူးဆိုတဲ့အသိကြောင့် ကမ်းပြန်ဝင်လာကြတယ်၊ သူတို့ကမ်းပြန်ဝင်ပြီး မကြာခင်မှာဘဲ မိုးသက်လေပြင်းကျလာတယ်၊ သူတို့ကျွမ်းဝင်သည့် အပိုင်းများရှိသလို မခွဲခြားနိုင်သည်များလည်းရှိပါတယ်၊ သူတို့ရဲ့ တတ်ကျွမ်းမှုများကို ကျွန်တော်တို့က အသိအမှတ်ပြုသလို မကျွမ်းကျင်သည်များကို ကျွန်တော်တို့ အခုလိုသတိပေးပြောကြားတဲ့အခါ သူတို့တွေအန္တရာယ်ကင်းမှာ ဖြစ်ပါတယ်။

## မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ

၁။ ရေဒီယိုအမြဲဖွင့်၍ သတင်းနားထောင်ပါ။

၂။ ငါးဖမ်းထွက်ခြင်း၊ ရေလမ်းခရီးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။

၃။ သောက်ရေ၊ ဆေးဝါး၊ ချက်လွယ်ကျက်လွယ်သော ရိက္ခာ ခုနစ်ရက်စာတို့ကို အသင့်ပြင်ဆင်ထုပ်ပိုးထားပါ။

၄။ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်အသင့်ထားပါ။

၅။ အရေးကြီးစာရွက်စာတမ်းများ၊ ရေစိုခံအိတ်ထဲထည့်ထားပါ။

၆။ စပါး၊ ပဲကဲ့သို့ မျိုးစေ့များကို ပလတ်စတစ်အိတ်မှာ လုံခြုံအောင်ထည့်ပြီး၊ ကုန်းမြေမြင့်တစ်နေရာမှာ မြေမြှုပ်ပါ။

၇။ အိမ်နှင့် အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာ ခိုလှုံပါ။

၈။ ရေလွှမ်းမိုးမည်ထင်ရသောနေရာမှ မုန်တိုင်းခိုနေရာများသို့ ကျွဲ၊ နွားများနှင့်အတူ အလျင်အမြန်ပြောင်းရွှေ့ပါ။

၉။ မိသားစုများ တစ်ဦးစီကွဲသွားသည့်အခါ ပြန်ဆုံနိုင်မည့်နေရာကို ကြိုတင် သတ်မှတ်ထားပါ။

၁၀။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် မကျန်းမာသူများအား ခိုအောင်းရမည့်နေရာသို့ ဦးစားပေးပို့ဆောင်ပေးပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြေများပျက်စီး

**ပုဏ္ဏားကျွန်း မေ ၁၂**

ပုဏ္ဏားကျွန်းမြို့နယ် ကုလားချောင်းကျေးရွာ၌ မေ ၁၁ ရက် နံနက် ၄ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြေ ၂၃ လုံးပျက်စီးကာ မိသားစု ၂၁ စု အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ရသည်။

**ကူညီဖြည့်ဆည်း**

သတင်းရသည်နှင့် ချက်ချင်း နံနက် ၇ နာရီခန့်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ ကုလားချောင်းကျေးရွာသို့ သွားရောက်ပြီး ဒုက္ခရောက်ခဲ့ကြသော ကျေးရွာသားများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သူ(ပုဏ္ဏားမြို)**

## ပြည်တွင်းသတင်း





**အမှာစကား ပြောကြား**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

● ရှေ့ဖုံးမှ

ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀) ဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်သည့် KIO/KIA နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး မကြာမီ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် နိုင်ငံရေးအရ ဆွေးနွေးနိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါတွင် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော နယ်စပ်ဒေသများတွင် အပစ်အခတ်များရပ်စဲပြီး ငြိမ်းချမ်းရေးကိုတည်ဆောက်ရန် အလားအလာကောင်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ထို့အတူ တစ်ဖက်မှလည်း မငြိမ်းချမ်းမှုကြောင့် ဒုက္ခရောက်ကြရသောပြည်သူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာအောင် ကြိုးပမ်းဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် (၅)ဆတိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၉ ဘီလီယံ၊ လုပ်ငန်းအရေအတွက် ၉၄ ခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၁ ထရီလီယံကျပ်၊ လုပ်ငန်းအရေအတွက် ၆၅ ခု၊ အလုပ်အကိုင် အခွင့်အလမ်း ၈၂၇၉၂ ဦး ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ အလုပ်များပြားသည့်ကြားမှ ယခုကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း၊ ယခုအခါ အရှိန်ရနေပြီဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီကို အရပ်ဘက်ပုဂ္ဂိုလ် ၅၀ ရာခိုင်နှုန်းပါဝင်ဖွဲ့စည်းပေးပြီး မျိုးဆက်သစ်များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားဇာတ်ရုံဥပစာတွင် ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လှုပ်ရှားမှုဓာတ်ပုံပြခန်း ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ပြည်သူများလိုလားသည့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ စာပေစာနယ်ဇင်းဆိုင်ရာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ အသင်းအဖွဲ့များလွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေး စသည့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် အခြေခံကျသောအချက်များကိုလည်း ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မလျော်ညီသော ဥပဒေများကိုရုပ်သိမ်းခြင်း၊ လိုအပ်ချက်အလိုက် ပြင်ဆင်ချက်ဖြင့် ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

အလားတူ ဒီမိုကရေစီဖော်ဆောင်ရာတွင် လိုအပ်သော ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်စေရေး၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ထို့အတူ တိုင်းပြည်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားထို့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်း၊ သီလဝါရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုတိုးတက်မြင့်မားလာရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အခွန်အခဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်စီးပွားရေး၏ အခြေခံဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး လယ်ယာမြေမှတ်ပုံတင်များ ပြုလုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ လယ်ယာမြေပိုင်ဆိုင်ခွင့်များ ရရှိကြမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအနေဖြင့် (၂၀၁၁ မှ ၂၀၃၁ အထိ) နှစ်(၂၀)ဆောင်ရွက်မည့် အမျိုးသားဘက်စုံတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan- NCDP) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum) ကို နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (Political Reform)၊ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု (Economic and Social Reform)၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲမှု (Administrative Reform) တို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုအတိုင်းအတာတစ်ခုအထိ ရှိနေပြီဖြစ်ပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈) ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့်အခမ်းအနားသည် လုပ်ငန်းစဉ်(၈)ရပ်အနက် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီး ပံ့ပိုးပေးနိုင်ရေးအတွက် အသေးစားငွေကြေး (Microfinance) လုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခမ်းအနားပင်ဖြစ်ပါကြောင်း၊ အသေးစားငွေကြေး (Microfinance) လုပ်ငန်းသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်အတွက် အဓိကအခြေခံကျသောလုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အရင်းအနှီးမရှိ၊ မလုံလောက်သည့်အတွက် အတိုးနှုန်းကြီးမြင့်စွာဖြင့် ပြင်ပတွင် ချေးငွေရယူဆောင်ရွက်ရသဖြင့် ထိုက်သင့်သောအကျိုးအမြတ်မရရှိဘဲ မတည်ရင်းနှီးငွေ အခက်အခဲထဲတွင် သံသရာလည်လျက်ရှိနေကြပါကြောင်း၊ ယင်းအခက်အခဲမှ သက်သာရာရအောင် နိုင်ငံတော်အစိုးရက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းပြီး ယင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ကိုယ်စား သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သလောက် အသေးစားငွေကြေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြပါကြောင်း၊ ယနေ့ သမဝါယမဝန်ကြီးဌာနကဆောင်ရွက်နေသည့် အသေးစားငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလောသက်သာချောင်ချိမှုရရှိစေရုံအတွက်သာမဟုတ်ဘဲ နောင်သင့်တင့်သောကာလတွင် ပြည်သူများ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်သွားနိုင်သည့် အခြေအနေကိုရောက်အောင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင်လည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ယင်းစီမံချက်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများလိုအပ်ပါကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ငွေများ ရရှိနိုင်ရန်အတွက် Microfinance Bank ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ (Aids,Grants) များရရှိရန်နှင့် ချေးငွေ (Loans) များ ရရှိရန် နိုင်ငံတော်အစိုးရကပါ ပံ့ပိုးကူညီခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသေးစားငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလော သက်သာချောင်ချိစေရန်အတွက်သာမက နောင်အနာဂတ်တွင် ပြည်သူများ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် မျှော်မှန်းဆောင်ရွက်ပေးနေသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့ရရှိသောချေးငွေများကို မိမိတို့၏

## ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမရပူရမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှု လက်မှု လုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်း သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများတွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးပြုရန် လိုအပ်သကဲ့သို့ သတ်မှတ်ကာလစေ့ရောက်သည့်အခါတွင်လည်း ချေးငွေကို မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ရန်အရေးကြီးပါကြောင်း၊ တစ်ဦးချင်း တာဝန်ယူမှု၊ အဖွဲ့စနစ်ဖြင့် တာဝန်ယူမှု၊ သမဝါယမအသင်းများက တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုပါကြောင်း၊ ချေးငွေရယူသော ပြည်သူများက တာဝန်ကျေရန်လိုအပ်သကဲ့သို့ ဤလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်နေကြသော သမဝါယမဝန်ကြီးဌာနဝန်ထမ်းများ၊ သမဝါယမအသင်းများမှ အမှုဆောင်များနှင့် ဝန်ထမ်းများကလည်း မှန်မှန်ကန်ကန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

ဤအသေးစား ငွေစုငွေချေးလုပ်ငန်းသည် တချို့နိုင်ငံများတွင် အောင်မြင်မှုများရှိသကဲ့သို့ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရခြင်းလည်း ရှိပါကြောင်း၊ အောင်မြင်မှု ဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး ဆင်းရဲနွမ်းပါးသူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးကလည်း ဤလုပ်ငန်းအောင်မြင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုပါကြောင်း။ ထိုသို့ ချေးငွေရယူကြသည့် ပြည်သူများ၊ ငွေချေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးကြသော သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမအသင်းအဖွဲ့များ၊ ဝိုင်းဝန်းထိန်းကျောင်းပေးရန် တာဝန်ရှိကြသောအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များစသည့် အစုအဖွဲ့(၃) ခုက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဤစီမံချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ပထမမဏ္ဍိုင်ဖြစ်ပြီး သမဝါယမကဏ္ဍသည် ဒုတိယမဏ္ဍိုင်ဖြစ်ကာ နိုင်ငံတော်က တတိယကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သမဝါယမကဏ္ဍသည် တိုင်းပြည်စီးပွားရေးတွင် ဒုတိယမဏ္ဍိုင်ဖြစ်သည်နှင့်အညီ တိုင်းပြည်စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းပြည်စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရေးအတွက် သမဝါယမအသင်းများကို အဆင့်တိုးမြှင့်ရန် မလွှဲမသွေလိုအပ်ပါကြောင်း၊ ထိုသို့ အဆင့်တိုးမြှင့်သည့်အခါ ငွေအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးပြီး ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများအဖြစ်လည်းကောင်း၊ ကုန်သွယ်မှုသမဝါယမအသင်းများအဖြစ်လည်းကောင်း၊ စက်မှုလယ်ယာသမဝါယမအသင်းများအဖြစ်လည်းကောင်း၊ သမဝါယမအသင်းတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်သောအသင်းများအဖြစ်သို့လည်းကောင်း၊ ဝန်ဆောင်မှုသမဝါယမအသင်းများအဖြစ်လည်းကောင်း၊ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်ရာတွင် လိုအပ်သော စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများ၊ နည်းပညာများကို ပြခန်းများဖြင့် ပါဝင်ပြသထားကြသည်ဟု သိရှိရပါကြောင်း၊ တက်ရောက်လာကြသော သမဝါယမအသင်းများ၊ အသင်းသားများအနေဖြင့် မိမိတို့၏သမဝါယမအသင်းများကို မိမိတို့၏အခြေအနေနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိုပြခန်းများတွင် နည်းလမ်းများရရှိအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးငွေကြေး၊ နည်းပညာ၊ ဈေးကွက်၊ လူ့အရင်းအမြစ်ရရှိနိုင်ရေးအတွက် နည်းလမ်းနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်၏စီးပွားရေး ဒုတိယမဏ္ဍိုင်အဖြစ် တိုင်းပြည် စီးပွားရေးကို အမှန်တကယ် အထောက်အကူပြုလာနိုင်စေရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့အခါ သမဝါယမအခြေအနေကိုကြည့်လျှင် ဖွံ့ဖြိုးနေသောနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ အများအပြား၌ သမဝါယမလုပ်ငန်းများနှင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြပြီး သမဝါယမလုပ်ငန်းများ အောင်မြင်နေတာကိုလည်း တွေ့မြင်နိုင်ပါကြောင်း။

ဥပမာ-အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် သမဝါယမအသင်းအများဆုံးရှိသောနိုင်ငံဖြစ်ပြီး နိုင်ငံသား ၄၀ ရာခိုင်နှုန်းက သမဝါယမအသင်းသားများဖြစ်ကြပါကြောင်း၊ Farmer Cooperative of America ဆိုသည့် သမဝါယမအသင်းသည် အမေရိကန်နိုင်ငံတွင် အောင်မြင်နေသော သမဝါယမအသင်းဖြစ်ပြီး လယ်ယာ၊ စားသောက်ကုန်၊ ကျန်းမာရေး၊ ငွေကြေးစသည့်လုပ်ငန်းများကို လုပ်ဆောင်နေပါကြောင်း၊ အသင်းပေါင်း ၂၉၂၁၄ သင်းဖြင့် အသင်းသား သန်း ၁၁၀ ရှိသည်ဟု သိရပါကြောင်း။

အလားတူ ဂျပန်နိုင်ငံ၌ လယ်ယာလုပ်ငန်းအားလုံးကို သမဝါယမလယ်ယာအသင်းများက ရာနှုန်းပြည့် လုပ်ကိုင်ပါကြောင်း၊ ဂျာဆန်ချူ (JA-Zenchu) စိုက်ပျိုးရေးသမဝါယမအသင်းစုချုပ်သည် အောင်မြင်နေသော သမဝါယမအသင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သီးနှံရောင်းဝယ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ သွင်းအားစုများပံ့ပိုးရေးနှင့် အသေးစားငွေချေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းဝင် အသင်းပေါင်း ၉၉၆ သင်းရှိပြီး အသင်းသား ကိုးသန်းကျော်ရှိသည်ဟု သိရပါကြောင်း။

အလားတူ အိန္ဒိယနိုင်ငံ၌ India Farmers Fertilizer Cooperative-IFFCO ဓာတ်မြေသြဇာထုတ်လုပ်ရောင်းချရေး သမဝါယမအသင်းသည် အောင်မြင်နေသော သမဝါယမအသင်းတစ်သင်းဖြစ်ပြီး အသင်းပေါင်း ၃၉၈၂၄ သင်း၊ အသင်းသားလယ်သမား သန်း ၆၀ ကျော်ရှိသည်ဟု သိရပါကြောင်း။

ယင်းတို့မှာ ဥပမာအနေဖြင့် အနည်းငယ်ထုတ်နုတ်တင်ပြခြင်းဖြစ်ပြီး သမဝါယမလုပ်ငန်း အောင်မြင်နေသောနိုင်ငံ အများအပြားရှိနေသေးသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ သမဝါယမအသင်းများအနေဖြင့်လည်း နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများနည်းတူ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ယခုအချိန်မှစပြီး လူသစ် စိတ်သစ် စနစ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံတော်သစ်၏ သမဝါယမတစ်ခေတ်ဆန်းမည့် အခမ်းအနားဖြစ်သကဲ့သို့ တိုင်းပြည်၏ လူအများစုဖြစ်သော ကျေးလက်နေပြည်သူများ၊ မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အစပြုသည့်နေ့ဟုလည်း ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့ အခမ်းအနားကို တက်ရောက်လာကြသော ကျေးလက်နှင့်မြို့ပြမှ သမဝါယမအသင်းသားများ၊ သမဝါယမအသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သမဝါယမဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးက အသေးစားငွေကြေးလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများကို ပေးအပ်ကြသည်။

ထို့အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက သမဝါယမဝန်ကြီးဌာနနှင့် Good Brothers ကုမ္ပဏီတို့ပေါင်းစပ်၍ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများကို သမဝါယမအသင်းများသို့ ပေးအပ်ခဲ့ပြီး ပုသိမ်ကြီးမြို့နယ်မှ အသင်းသား တောင်သူ ဦးစိန်ထွန်းက ပံ့ပိုးပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၃၁ မြို့နယ်ရှိ သမဝါယမအသင်းပေါင်း ၁၇၂၀ မှ အသင်းသား ၁၁၉၅၅၃ ဦးအတွက် ထုတ်ချေးငွေမှာ ငွေကျပ် ၅၅၆၀၄ ဒသမ ၇၅ သိန်းဖြစ်သည်။

အလားတူ မြို့နယ် ၃၀ ရှိ သမဝါယမအသင်း ၁၀၉ သင်းသို့ ငွေကျပ် ၃၆၄၅ ဒသမ ၃၆၃ သိန်းတန်ဖိုးရှိ လက်တွန်းထွန်စက် ၆၃ စီး၊ ထွန်စက် ငါးစီး၊ Faw ကား နှစ်စီး၊ ကောက်စိုက်စက်နှင့် ရိတ်သိမ်းစက် တစ်စီးစီ၊ ခြွေလှေ့စက် နှစ်စီး၊ ထော်လာဂျီ အစီး ၅၀၊ သုံးဘီးဆိုင်ကယ် ၁၆ စီး၊ ရေစုပ်စက် ၈၅ လုံး၊ မြက်ဖြတ်စက် နှစ်လုံး၊ အင်ဂျင်/ဒိုင်နမိုအမျိုးမျိုး ၂၂ လုံး စုစုပေါင်း လယ်ယာသုံးစက်ကိရိယာ ၁၁ မျိုးကို အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားဇာတ်ရုံဥပစာတွင် ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လှုပ်ရှားမှုဓာတ်ပုံပြခန်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမရပူရမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းကျောင်း အဆင့်မြှင့်တင်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေတို့က ဆောင်းဒါးရက်ကန်းကျောင်းအပါအဝင် ရက်ကန်းကျောင်းများအား အဆင့်မြှင့်တင်မည့် အစီအစဉ်၊ ပုဂ္ဂလိကချည်ထည်လုပ်ငန်းအခြေအနေနှင့် ရက်ကန်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ဤသင်တန်းကျောင်းသည် အစဉ်အလာကြီးမားသည့် သင်တန်းကျောင်းကြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသည့်ကျောင်းဖြစ်သဖြင့် တက္ကသိုလ်အဆင့်အထိ တိုးတက်ဖွင့်လှစ်သင်ကြားပေးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

လူတစ်ဦး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လက်ရှိအခြေအနေ၌ ပြည်သူတစ်ရပ်လုံး၏စားရေးအတွက် ဖူလုံပိုလျှံလျက်ရှိပြီး နောင်တွင် တိုးတက်လာမည့်လူဦးရေသန်း ၁၀၀ အတွက် စားရေးဖူလုံမှုရှိအောင် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဝတ်ရေးအတွက်မူ အဝတ်အထည်များ ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်ပမှ အဝတ်အထည်များ ဈေးကွက်တွင် ဝင်ရောက်နေရာယူနေကြောင်း၊ လက်ရက်ကန်းဖြင့်ထုတ်လုပ်သော Hand Made ချည်ထည်များကို ကမ္ဘာ့နိုင်ငံတိုင်းက အမြတ်တနိုးတန်ဖိုးထားကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လက်ရက်ကန်းဖြင့် ချည်ထည်များ ရက်လုပ်မှုမှာ ရိုးရာအမွေအနှစ်ဖြစ်သဖြင့် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ သို့သော် အဝတ်အထည်ဖူလုံရန်အတွက် အရေအတွက်များများထုတ်လုပ်နိုင်သည့် စက်ရက်ကန်းလုပ်ငန်းကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေရေးအတွက်မှာလည်း လိုအပ်သည့် သစ်၊ ဝါး၊ အုတ်၊ သဲ၊ ကျောက်စသည်တို့မှာ ပြည်တွင်းမှာပင် လုံလောက်စွာရရှိနိုင်သည့်အတွက် စားဝတ်နေရေးဟူသည့် ***စာမျက်နှာ ၁၀ သို့***



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးနို့ချက်စက်ရုံမှ ထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပြည်တွင်းသတင်း

*စာမျက်နှာ ၉ မှ*

အရေးသုံးပါးတွင် ဝတ်ရေးကို ဖူလုံပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများမှာ လက်ရက်ကန်းကို လုပ်ကိုင်ကြသဖြင့် ရက်ကန်းသင်တန်းကျောင်းများတွင် တိုင်းရင်း




ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

သား သင်တန်းသားများကို ခေါ်ယူသင်ကြားပေးစေလိုကြောင်း၊ ဤသင်တန်းကျောင်းမှ ထူးချွန်ထက်မြက်သည့် သင်တန်းသားများအား သမဝါယမအသင်းများက အရင်းအနှီးများ မတည်ပေးခြင်းဖြင့် ရက်ကန်းလုပ်ငန်းရှင်များပေါ်ထွန်းလာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့အတူ စက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဂဟေဆက်သင်တန်း၊ လက်သမားသင်တန်း၊ သံချည်သံကွေးသင်တန်း၊ ပန်းရန်သင်တန်းစသည်တို့ကိုလည်း သင်တန်းကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဖွင့်လှစ်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ရက်ကန်းကျောင်းရှိ လေ့ကျင့်ရေးစက်ရက်ကန်းရုံနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ထုတ်လုပ်သည့် အဝတ်အထည်ပြခန်းများ၊ သင်တန်းကျောင်း၏အထည်ရက်လုပ်မှုပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆောင်းဒါးရက်ကန်းကျောင်းကို ၁၉၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်တွင် သက်တမ်း (၉၉)နှစ်ရှိပြီဖြစ်သည်။ အဆိုပါရက်ကန်းကျောင်း မဖွင့်လှစ်မီက အထည်ရက်လုပ်သည့် မြန်မာ့ရိုးရာလက်ထိုးရက်ကန်းစင်မှာ လွန်းကိုလက်ဖြင့် တွန်းပို့၍ ရက်လုပ်ရပြီး အထည်သားအနံ ၂၄ လက်မသာ ရက်လုပ်နိုင်ခဲ့သည်။ ၁၉၁၀ ခုနှစ်တွင် အထက်မြန်မာပြည် တရားရေးမင်းကြီး Mr.L.H.Saunders က အင်္ဂလန်မှလွန်းပြန်လက်ခတ်ကို ယူဆောင်ကာ မြန်မာ့ရိုးရာ လက်ရက်ကန်းစင်ပေါ်တင်၍ အမရပူရမြို့နယ်ရှိ ရက်ကန်းလုပ်ငန်းရှင်များကို ရက်ခတ်ပြသပေးခဲ့ရာ ကြိုက်နှစ်သက်ကြသဖြင့် သင်တန်းများဖွင့်လှစ်ပေးရာမှ ရက်ကန်းသင်တန်းကျောင်း စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

လွန်းပြန်လက်ခတ်ရက်ကန်းစင်မှာ လွန်းကိုလက်ဖြင့်မထိုးရဘဲ လက်ခတ်ကိုတွန်းထိုးရုံမျှဖြင့် လွန်းအလိုအလျောက်သွားခြင်းကြောင့် အချိန်ကုန်သက်သာ၍ အထည်သားပိုမိုကောင်းမွန်သည့် အထည်အရေအတွက် များများထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် အထည်သားအနံ ၄၅ လက်မ(အနံကြီး)ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် စက်ရက်ကန်းစင်များ တပ်ဆင်၍ စက်ရက်ကန်းသင်တန်းများ ဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်တွင် အထည်အလိပ်အတတ်ပညာသင်တန်း၊ ရိုးရာလွန်းရာကျ အချိတ်သင်တန်း၊ ရွှေချည်ငွေချည်ထိုးသင်တန်း၊ ဂျပ်ခုတ်စာစည်းကြိုးသင်တန်းနှင့် စက်ပြင်/စက်မောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ဒိုဘီစက်ခေါင်းဖြင့် အပွင့်ဖော်ခြင်း၊ အထည်ဒီဇိုင်း၊ ချည်မျှင်နှင့်အထည် ဓာတုဆိုးဆေးနှင့် သဘာဝဆိုးဆေး၊ အထည်ပန်းပုံရိုက်နှင့် ဘောင်ဖြင့်ပန်းပုံရိုက် သင်တန်းတို့ကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆောင်းဒါးရက်ကန်းကျောင်းအား သိပ္ပံအဆင့်တိုးမြှင့်ပြီး ဒီပလိုမာလက်မှတ်ပေးအပ်ရန် တက္ကသိုလ်များဗဟိုကောင်စီက သဘောတူညီပြီးဖြစ်ကြောင်း သိရှိရသည်။

သမဝါယမဝန်ကြီးဌာနအောက်တွင် ဆောင်းဒါးရက်ကန်းကျောင်းအပြင် အထက်တန်းရက်ကန်းကျောင်း ရှစ်ကျောင်းနှင့် အခြေခံရက်ကန်းကျောင်း ငါးကျောင်းတို့ကို ဖွင့်လှစ်ထားသည်။

ရက်ကန်းကျောင်းများအား အဆင့်မြှင့်တင်ရာတွင် ရက်ကန်းပညာ(ရိုးရာလက်ရက်ကန်းနှင့် စက်ရက်ကန်း)၊ မြန်မာ့ရိုးရာ လွန်းရာကျအချိတ်နှင့် ရွှေချည်ထိုးပညာတို့ကို သင်ကြားပေးရန် ရည်ရွယ်ထားသည်။ ရက်ကန်းကျောင်းများ၏ သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းကို လက်တွေ့လုပ်ငန်းခွင်လိုအပ်ချက်များနှင့်အညီ ပြောင်းလဲမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းအသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၄၄ ခုတွင် ပုဂ္ဂလိကချည်ထည်လုပ်ငန်းရှင် စုစုပေါင်း ၂၄၃၃ ဦးရှိပြီး စက်ရက်ကန်းစင် ၁၃၅၁၆ ခုနှင့် လက်ရက်ကန်းစင် ၁၀၂၈၀ ဖြင့် ကျား/ မဝတ်လုံချည်အမျိုးမျိုး၊ ချည်အင်္ကျီစအမျိုးမျိုး၊ ပိုးထည်များ၊ စောင်၊ တဘက်၊ လွယ်အိတ်၊ ပဝါအမျိုးမျိုး၊ ကုလားထိုင်ခင်း၊ အိပ်ရာခင်းစသည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် ချည်ထည်လုပ်ငန်းရှင် ၁၉၅၉ ဦးရှိပြီး စက်ရက်ကန်းစင် ၁၂၁၃၂ ခုနှင့် လက်ရက်ကန်းစင် ၁၉၇၂ ခုတို့ဖြင့် အထည်အမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည်။ စက်ရက်ကန်းစင်များမှ တစ်လလျှင် ကျား/ မဝတ်လုံချည် ပျမ်းမျှ ၅၂ သိန်း၊ တစ်နှစ်လျှင် ပျမ်းမျှ ၆၂၄ သိန်း ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်မှုတန်ဖိုးမှာ တစ်လလျှင် ခန့်မှန်းငွေကျပ် ၁၄ ဒသမ ၅၅၈ ဘီလီယံ၊ တစ်နှစ်လျှင် စုစုပေါင်းငွေကျပ် ၁၇၄ ဒသမ ၇ ဘီလီယံ ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတသည် ဆောင်းဒါးရက်ကန်းကျောင်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Myanmar Dairy Industries Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးနို့ချက်စက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင် နို့မှုန့်ထုတ်လုပ်နေမှုနှင့် စက်ရုံက ထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် Myanmar Dairy Industries Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစောဘလာထူးတို့က နို့ချက်စက်ရုံပေါ်ပေါက်လာပုံ၊ စက်ရုံမှထုတ်လုပ်သည့် နို့ထွက်ပစ္စည်းများနှင့် စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများအလုပ်အကိုင်များများရရှိရေးနှင့် ပြည်ပမှနို့နှင့်နို့ထွက်




မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပစ္စည်းများတင်သွင်းနေရမှုကို လျှော့ချနိုင်ရေးတို့အတွက် ဦးတည်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိတော့မည်ဖြစ်ရာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ဖက်စပ်လုပ်ကိုင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံများကို နေရာအနှံ့အပြားတွင် တည်ဆောက်လုပ်ကိုင်မနေဘဲ သမဝါယမအသင်းများ၏ စုစည်းအားဖြင့် တစ်နေရာတည်းတွင် စက်ရုံကြီးတစ်ရုံကို တည်ဆောက်လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ယင်းသို့ တည်ထောင်ရာတွင် နွားမွေးမြူသည်မှ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည်အထိ Supply Chain တစ်ခုလုံးကို ခေတ်မီနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ စက်ရုံကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံမှ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ထောပတ်နှင့် ရေခဲမုန့်တို့ကို ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

---

# MNL ပထမအကျော့ပြီးဆုံး ကမ္ဘောဇအသင်း ရာသီဝက်ချန်ပီယံဖြစ်

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် မေ ၁၂**

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

**မကွေး -နှစ်ဂိုး**
(မူရီလိုနှင့် မောင်မောင်စိုး)

**ကမ္ဘောဇ -နှစ်ဂိုး**
(စိုးမင်းဦးနှင့် ဂျူနီယာ)

ပထမအကျော့၏ နောက်ဆုံးပွဲဖြစ်သလို ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်သောကြောင့် ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။ ၁၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မူရီလိုက မကွေးအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း နောက်ပိုင်းတွင် ကမ္ဘောဇက ခြေအသာဖြင့် ဖိကစားခဲ့သည်။ ၂၉ မိနစ်တွင် စိုးမင်းဦးက ချေပဂိုးပြန်သွင်းခဲ့ပြီး ၄၂ မိနစ်တွင် ဂျူနီယာက ကမ္ဘောဇအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မကွေးအတွက် ချေပဂိုးကို ၅၅ မိနစ်တွင် မောင်မောင်စိုးက သွင်းယူပေးခဲ့သည်။ နောက်ပိုင်းတွင် ကမ္ဘောဇအသင်းက ဂိုးထပ်ရနိုင်မည့်အခွင့်အရေးကို အသုံးမချနိုင်၍ သရေရလဒ်ဖြင့် ကမ္ဘောဇတို့ ရာသီဝက်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

**(သုဝဏ္ဏကွင်း)**

**ရောဝတီ -နှစ်ဂိုး**
(ဒိုမီနစ်နှင့် လီအန်ဒရို)

**Southern - ဂိုးမရှိ**

ပထမအကျော့ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ကမ္ဘောဇက ပထမ၊ ဇေယျာရွှေမြေက ဒုတိယ၊ နေပြည်တော်အသင်းက တတိယ၊ ရန်ကုန်အသင်းက စတုတ္ထ၊ ရောဝတီအသင်းက ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။



**မကွေးနှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်နေစဉ်။**

---

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။
**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

---

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၅-၂၀၁၃ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅ **ပါဝင်တွေ့ဆုံ ဆင်ကာနွဲ့ အာစရိယပူဇော်ပွဲ**
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၃၀ **မဟော်သဓာ** (အပိုင်း-၁၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅ SEA Games Go For Gold (Re-Run) (လေ့လျှော်)
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **နေရောင်အောက်ကသတို့သမီး** (ဒုတိယတွဲ) (အပိုင်း-၃) (Re-Run)
၁၀း၀၀ ပြည်တွင်းသတင်း

**နေ့လယ်ပိုင်း**

၁၁း၀၀ ရင်ခုန်လက်ကမ်း တေးသစ်လမ်း (Re-Run)
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၄း၃၀ တေးဂီတအစီအစဉ်
၁၄း၄၅ တောင်သူပညာပေး စိုက်ပျိုးထား ဓာတုဆေးလွတ်သစ်သီးဝလံ စိုက်ခင်းများ

**ညပိုင်း**

၁၅း၀၀ ပြည်တွင်းသတင်း
၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေးဆပ်သူတို့ရဲ့နှလုံးသား** (ဇာတ်သိမ်း)
၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၈း၀၀ ပြည်တွင်းသတင်း
၁၈း၂၀ SEA Games ဇာတ်လမ်းတို
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၄၅ တေးလက်ဆောင်အစီအစဉ်
၂၁း၀၀ ပြည်တွင်းသတင်း
- ရယ်စရာတစ်ကွက်စာ **Mr.Bean** ကာတွန်းအစီအစဉ်

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**ကော့သောင်းမြို့**
၁ ဒသမ ၃၀ လက်မ

**သထုံမြို့**
၁ ဒသမ ၁၄ လက်မ

**မြိတ်မြို့**
၀ ဒသမ ၆၈ လက်မ

**နမ့်စန်မြို့**
၀ ဒသမ ၄၃ လက်မ

---

### ✻ *ရွှေ့ဖုံးမှ*

ဆက်လက်ရွေ့လျားလျက်ရှိပြီး မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၅၀ မှ မိုင် ၆၀ အထိ ရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစတင်၍ အရှေ့မြောက်ဘက်သို့ကွေ့လျက် မေလ ၁၆ ရက်နေ့ ညနေပိုင်းခန့်တွင် မြန်မာနိုင်ငံ (ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။ **(သတင်းစဉ်)**

# အနာဂတ်အနေ့ယာဉ်လုပ်ငန်း ခိုင်မာနေဆဲဖြစ်

**ရန်ကုန် မေ ၁၂**

မော်တော်ကားဈေးနှုန်းများ ကျဆင်းလာသော်လည်း အနေ့ယာဉ်လုပ်ငန်းဖြစ်သည့် အနာဂတ်ဆိုက်ကားလုပ်ငန်းသည် ခိုင်မာလျက်ရှိနေဆဲဖြစ်ကြောင်း အနေ့ယာဉ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

**မြို့တွင်းခြောက်မြို့နယ်**

"ကျွန်တော်တို့နိုင်ငံမှာ ကားဈေးတွေကျလာတာတော့မှန်ပါတယ်။ လူတိုင်းကားဝယ်မစီးနိုင်ကြသလို လူတိုင်းလည်း အမြဲတမ်းတက္ကစီကို ငှားမစီးနိုင်ကြသေးပါဘူး။ အဓိကကတော့ မြို့တွင်း ခြောက်မြို့နယ်ကလွဲပြီး ကျန်တဲ့မြို့နယ် ရပ်ကွက်တိုင်းမှာ လမ်းတိုလမ်းရှည်ဆုံရာမှာ ဆိုက်ကားတွေကိုပဲ အားကိုးနေကြရပါတယ်။ တက္ကစီကလမ်းတိုသွားမယ်ဆိုရင် အနည်းဆုံးငွေကျပ် ၁၀၀၀ လောက်မှသွားနိုင်တာ။ ဆိုက်ကားက ငွေကျပ် ၃၀၀ လောက်နဲ့ လိုက်နိုင်ပါတယ်" ဟု တာမွေမြို့နယ်မှ အနေ့ယာဉ် (ဆိုက်ကား) လုပ်ငန်းလုပ်ကိုင်နေသူ ကိုကျော်လင်းက ပြောသည်။

"ဆိုက်ကားက မြို့ပြရဲ့လှုပ်ရှားမှုကို အမြင်မတင့်စေနိုင်တာတော့ မှန်ပါတယ်။ ဒါပေမယ့်လည်း သူ့နေရာမှာ ကားတွေအစားလာမယ်ဆိုရင် ကားတွေအတွက်ကုန်ကျမယ့် စက်သုံးဆီလိုအပ်ချက်တွေကလည်း မြင့်မားလာမယ်။ ပြီးတော့ယာဉ်ကြောကျပ်မှုတွေ ပိုပြီးဖြစ်လာနိုင်စရာရှိပါတယ်။ ဒါ့ကြောင့် ဘာတွေ ဘယ်လို တိုးတက်လာတယ်ဆိုပေမယ့် ဆိုက်ကားတွေကိုတော့ ပစ်ပယ်လို့ မဖြစ်နိုင်သေးပါဘူး" ဟု ကိုကျော်လင်းက ဆက်လက်ရှင်းပြသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တွင်း ခြောက်မြို့နယ်မှလွဲ၍ အနေ့ယာဉ်ဆိုက်ကားများ အသုံးပြုပြေးဆွဲလျက်ရှိသည်။ အဓိကအားဖြင့် အနေ့ယာဉ်ဆိုက်ကားများကို ဆိုက်ကားနင်းသူနှင့် မိသားစုများက မှီခိုအားထားနေကြရသကဲ့သို့ လမ်းတို လမ်းရှည်အသုံးပြုလိုသူ ခရီးသွားပြည်သူအများစုက အားထားနေကြရဆဲဖြစ်သည်။

ဆိုက်ကားနင်းခြင်း အလုပ်သည် မိသားစုတစ်စုကို ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော်လည်း အဓိကဝမ်းဝအောင် ဖြည့်ဆည်းပေးနိုင်သော အလုပ်ဖြစ်ကြောင်း သိရသည်။

သတင်း - မောင်နွေသစ်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)



အနေ့ယာဉ်(ဆိုက်ကား)များ သက်တမ်းတိုးလိုင်စင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ပြေးဆွဲ**

လက်ရှိဆိုက်ကား ဈေးကွက်တွင် မြို့နယ်အလိုက် ဆိုက်ကားဆွဲရမှုအပေါ် မူတည်ပြီး ဆိုက်ကားတန်ဖိုးမှာလည်းကွာခြားမှုရှိကြောင်း သိရသည်။ ဥပမာအားဖြင့် ဒဂုံတောင်ပိုင်းနှင့်မြောက်ပိုင်းတို့၌ ပြေးဆွဲနေသော ဆိုက်ကားများသည် တစ်စီးငွေကျပ် လေးသိန်းမှ ငါးသိန်းအထိ ဈေးရှိပြီး အတွင်းပိုင်းမြို့နယ်များတွင် ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ ဈေးရှိကြောင်း၊ အုံနာကြေးမှာလည်း ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ အထိရှိကြောင်း သိရသည်။

**အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နယ်မြေခံတပ်မတော်သားများ သောက်သုံးရေလှူဒါန်း

**ပန်းတောင်း မေ ၁၂**

ပန်းတောင်းမြို့နယ် ကျီးပင်အုပ်စုအတွင်းရှိ သောက်သုံးရေရှားပါးသည့် တဲကုန်း၊ ပေပင်၊ သပြေကုန်းကျေးရွာများသို့ နယ်မြေခံတပ်မှ တပ်မတော်သားများက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေလိုအပ်ချက်အပေါ် မူတည်၍ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ကျီးပင်အုပ်စုအတွင်းရှိ ကျီးပင်၊ တဲကုန်း၊ ပေပင်၊ သပြေကုန်းကျေးရွာများသည် နွေရာသီတွင် " သမန်းချောင်း" မှ ရေကို မြေသားတမံ မိုးရေလှောင်ကန်မှ ရေကို အားထားနေရသည်။ တရားမဝင် သစ်ခုတ်၊ သစ်ထုတ်လုပ်မှုများကြောင့် ရာသီဥတုဖောက်ပြန်ကာ အပူချိန်သိသိသာသာမြင့်တက်လာသည်နှင့်အမျှ သောက်သုံးရေရှားပါးပြတ်လပ်မှုကြုံတွေ့ခဲ့သည်မှာ လေးနှစ်တာကာလသို့ တိုင်ခဲ့ပါပြီ။ "မုတ်သုံမိုး မမှန်မချင်း၊ ကျွန်တော်တို့ရွာမှာ အခက်အခဲကြုံဦးမှာပဲ။ မိုးရွာတာထက်စာရင် မိုးမရွာတာက တော်သေးတယ်။ ဘာလို့လဲဆိုတော့ လမ်းကလည်းမြေသားလမ်း၊ အတက်အဆင်းကလည်း ရှည်ဆိုတော့ မိုးရွာရင် ကားမပြောနဲ့၊ ဆိုင်ကယ်တောင်မောင်းလို့မရဘူး။ မီးသတ်ကားဆို မိုးမရွာတာတောင်မဝင်နိုင်ဘူး။ ရေအလေးချိန်များတော့ ရေဒုက္ခထက် ကားပျက်ရင်ပိုဆိုးမှာ။ မစို့မပို့မိုးရွာတော့ ရေလာပို့မယ့်သူမရှိဘူး။ ကားတိုင်းလည်း ကျွန်တော်တို့ရွာကို မလာနိုင်ဘူး" ဟု မှန်ကုန်းကျေးရွာမှ ကိုအောင်ဝင်းက ပြောပြသည်။

ထိုရေရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးမှူးများ စေတနာရှင်များက ပူးပေါင်းဆောင်ရွက်ကာ လူမှုကရုဏာထောက်ပံ့လှူဒါန်းကူညီမှုဖြင့် ရေအခက်အခဲကို ဖြေရှင်းနေကြရကြောင်း သတင်းရရှိသည်။ (၁၇၀)

# ရေနံချောင်းမြို့ ကြည့်မြင်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

**ရေနံချောင်း မေ ၁၂**

ရေနံချောင်းမြို့ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု ကြည့်မြင်ကျေးရွာ တက်လမ်း စာကြည့်တိုက် ဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်စန်းမြင့်၊ အဆောက်အအုံအလှူရှင် ဦးစိန်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် ပြောကြားကာ မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာသန်းက ငွေကျပ်နှစ်သောင်း တိတိနှင့် သုတ /ရသ စာအုပ် ၁၅၀ ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဒေါ်စီစီမိုးက လက်ခံရယူသည်။

**မြို့နယ် ပြန်/ဆက်**


# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် **ဂုဏ်ထူးဆောင် အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု** ရရှိသူ **ဦးအုန်းဆိုင်** (ဒုဥက္ကဋ္ဌ-လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဥက္ကဋ္ဌ-ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ-ဘုရင့်နောင်ကုန်စည်ဒိုင်) အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ကုန်သည်/စက်မှုလုပ်ငန်းအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ**

ပြည်တွင်းသတင်း

# အိန္ဒိယ-မန္တလေး ဘတ်စ်ကားလိုင်း ပြေးဆွဲရန် စီစဉ်

ကလေး မေ ၁၂

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့မှ မန္တလေးမြို့တော်အထိ ခရီးသည်တင်ယာဉ်လိုင်း ပြေးဆွဲသွားရန်စီစဉ်လျက်ရှိကြောင်း မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ရုံးထံမှ သိရသည်။

**စီစဉ်**

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုတိုးမြင့်လာနိုင်ရေးနှင့် သွားလာမှု လွယ်ကူစေရေးတို့အတွက် ယင်းကဲ့သို့ ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်ခြင်းဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်ရုံး တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အင်ဖာမြို့နှင့်မန္တလေးမြို့အကြား မိုင် ၄၀၀ ခန့်ဝေးပြီး ယင်းခရီးစဉ်ကို မကြာမီ ပြေးဆွဲနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆွေးနွေးလျက်ရှိကြောင်း ၎င်းက အတည်ပြုပြောကြားသည်။ ယင်းယာဉ်လိုင်းသည် အိန္ဒိယနိုင်ငံ အင်ဖာမြို့မှ မိုရေး၊ မြန်မာနိုင်ငံ တမူး၊ မုံရွာနှင့် မန္တလေးမြို့တော်တို့တွင် ရပ်နားသွားမည်ဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်ရုံးမှ စုံစမ်းသိရသည်။

" နှစ်နိုင်ငံသွားလာရေး အဆင်ပြေစေဖို့ အင်ဖာမှာ မြန်မာနိုင်ငံကောင်စစ်ဝန်ရုံး လာဖွင့်ပေးဖို့ ဆွေးနွေးနေတာရှိတယ်။ အင်ဖာမှာဖြစ်ဖြစ် မိုရေးမှာဖြစ်ဖြစ်၊ ဗီဇာ ထုတ်ပေးဖို့ကို ညှိနှိုင်းနေတယ်" ဟု အိန္ဒိယကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ ဗီဇာထုတ်ပေးရန် ညှိနှိုင်းမှု မပြီးခင် ကားလိုင်းပြေးဆွဲဖြစ်ပါက အိန္ဒိယဘက်မှဘတ်စ်ကားများ မြန်မာနိုင်ငံဘက်သို့ ကူးပြောင်း၍ သွားလာခွင့်မရှိသေးသဖြင့် မိုရေးနယ်စပ်တွင် မြန်မာနိုင်ငံဘက်မှ ဘတ်စ်ကားများသို့ ကူးပြောင်းကာ တစ်ဆင့်ပြန်လည် စီးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

" အိန္ဒိယကနေ ပြေးဆွဲလာမယ့် ကားတွေ ရပ်နားနိုင်ဖို့ စစ်ကိုင်းမှာ ယာဉ်ရပ်နားစခန်းဆောက်ဖို့ စီစဉ်နေပါပြီ" ဟု စစ်ကိုင်းအဝေးပြေးယာဉ်ရပ်နားဂိတ်နှင့် ခရီးသည်နားနေစခန်း တည်ဆောက်ခွင့်ရသည့် ရဲမွန်ဆောက်လုပ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်ဆန်းက ဆိုသည်။

**စိတ်ဝင်စားလျက်ရှိ**

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သတ္တုတူးဖော်ရေး၊ ဆိုလာနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။ **(ဂျူနိုင်း)**

# ကလေးဝမြို့တွင် ဥပဒေအသိပညာပေးပွဲများကျင်းပ

ကလေး မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ခုံကြီးကျေးရွာနှင့် ခေါင်းတီးကျေးရွာတို့တွင် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုခင်းများ လျော့ကျရေးတို့အတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသင်းယုက အမှုကြီးများဖြစ်ပေါ်နိုင်မှုအခြေအနေနှင့် အမှုကြီး ၁၀ မျိုးအကြောင်း၊ အခြားအမှုများ၊ ကြိုကာအမှုများအကြောင်းကို ဟောပြောပေးပြီး မြို့နယ်တရားသူကြီး ဦးကိုကိုနိုင်က တရားစီရင်ရေးဥပဒေနှင့် လူကုန်ကူးမှုများဖြစ်ပေါ်နိုင်သည့် အခြေအနေနှင့် လူကုန်ကူးမှုဆိုင်ရာဥပဒေများ၊ လောင်းကစားမှုအကြောင်းများ၊ စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးဥပဒေတို့ကို ဟောပြောပို့ချပေးခဲ့သည်။

ကလေးဝမြို့နယ်တွင် ၂၀၁၁ ခုနှစ်အတွင်း အခြားအမှု ခုနစ်မျိုး ဖြစ်ပေါ်မှုတွင် ၃၈ မှုနှင့် ကြိုကာမှု ၅၇ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ် တွင် အမှုကြီး ၁၀ မျိုးမှ နှစ်မှု၊ အခြားအမှု ၅၁ မှုနှင့် ကြိုကာမှု ၇၄ မှုဖြစ်ပွားခဲ့၍ အမှုများ လျော့နည်းသွားရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကျဆင်းလာနိုင်**

ဟောပြောပွဲသို့ တက်ရောက်လာသောပြည်သူတစ်ဦးက ပြောကြားရာတွင် " ထိုကဲ့သို့ တရားဥပဒေစိုးမိုးရေး ကိစ္စများကိုကျေးရွာတိုင်းတွင် ပြုလုပ်နိုင်မည်ဆိုပါက မှုခင်းများကျဆင်းလာနိုင်ကြောင်း၊ အမှုကြီးဖြစ်ပွားမှုများလည်း လျော့နည်းလာနိုင်ကြောင်း ပြောကြားခဲ့သည်။ **(သျှင်နေမင်း)**

# သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

မော်လူး မေ ၁၂

မေ ၁၁ ရက် နံနက် ၁၁ နာရီခွဲက ရဲအုပ်မျိုးခိုင် ကြီးကြပ်မှုဖြင့် ဒုရဲအုပ်အောင်မျိုးထိုက်နှင့် အဖွဲ့သည် သက်သေဦးဝင်းသိန်း၊ ဦးသံချောင်းတို့နှင့်အတူ သတင်းအရ အင်းတော်မြို့နယ် ကုန်းခါးကျေးရွာအုပ်စု ညောင်ပင်ဆိပ်ကျေးရွာ အရှေ့ဘက် လယ်ကွင်းအနီးတွင် စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ ညောင်ပင်ဆိပ်ကျေးရွာနေ ပေါက်စအား ၎င်းကိုင်ဆောင်ထားသော မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပြားလိပ်တစ်လိပ်နှင့်အတူ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၁၃ ဒသမ ၆၈ ဂရမ်ခန့်ပါ အစိမ်းနုရောင် ဆပ်ပြာခွက် တစ်ခွက်၊ အဖြူမှုန့်အလေးချိန် ငါးဂရမ်ခန့်ပါ အနီးရောင်အဖုံးပါ ပလတ်စတစ် အဖြူဘူး တစ်ဘူး၊ အဖြူမှုန့်အလေးချိန် ခုနစ်ဂရမ်ခန့်ပါ အစိမ်းရောင်အဖုံးပါ ပလတ်စတစ် အဖြူဘူး တစ်ဘူး၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် သုံးဂရမ်ခန့်ပါ ပလတ်စတစ်ဘူး တစ်ဘူး၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည်ဟု ယူဆရသော ပလတ်စတစ် ပိုက်ကောက် နှစ်ချောင်း၊ ကမ္ဘာလုံး တံဆိပ်ပါပလတ်စတစ်အပြာဖြင့် ထည့်ထားသော WY စာတန်းပါ အနီရောင် စိတ်ကြွဆေးပြား ၃၅ ပြား၊ ငွေစက္ကူ ရောရာ ၃၅၀၀၀၊ (Chengf ) တံဆိပ်ပါ အစိမ်းပုပ်ရောင် ခါးပတ်အိတ် တစ်လုံးတို့အား တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဒုရဲအုပ်အောင်အောင်သန်းက တရားလိုပြုတိုင်တန်းခဲ့သည်။

**စစ်ဆေးဆောင်ရွက်**

အဆိုပါအမှုနှင့် ပတ်သက်၍ ပေါက်စ (၃၅ နှစ်) အင်းတော်မြို့နယ်နေသူအား မော်လူးရဲစခန်းက အမှုဖွင့်အရေးယူထားရှိပြီး အမှုစစ်ဒုရဲအုပ်အောင်အောင်သန်းက တရားစွဲတင်ပို့နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(နီတိုး)**



# သတင်းစာများ စောစောရောက်ရှိရေး ရွှေကိုင်းမန်းကားအသင်း ဦးစားပေးဆောင်ရွက်

စစ်ကိုင်း မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဂျာနယ်အပါအဝင် သတင်းစာများကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရေးအတွက် ကားအသင်းကြီးတစ်သင်းက ကူညီဆောင်ရွက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် ခရီးသည်ပို့ဆောင်သည့် ကားအသင်းပေါင်း ခြောက်သင်းအထိရှိကြောင်းသိရပြီး ရွှေကိုင်းမန်း၊ အောင်စစ်မန်း၊ စစ်မန်းဧရာ၊ အောင်မြန်မာ၊ ဇေယျာမန်း၊ နေပြည်တော်ကားအသင်းတို့ဖြစ်ကြသည်။ ရွှေကိုင်းမန်းကားအသင်းမှာ ခရီးသည်နှင့် ကုန်ရရှိရေးထက် သတင်းစာ၊ ဂျာနယ်စောစောရောက်ရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေကိုင်းမန်း ဂိတ်မှူးဦးမြင့်၊ ဦးညွှန့်လူတို့ကလည်း ကိုယ်စားလှယ်များ သတင်းစာ၊ ဂျာနယ်များ လာရောက်မယူခင် စနစ်တကျထိန်းသိမ်းပေးလျက်ရှိပြီး အဆိုပါကားအသင်းမှာ ခရီးသည်များအပေါ် ပြေပြေပြစ်ပြစ်ဆက်ဆံခြင်း၊ ပစ္စည်းပျောက်ရှမှုမရှိခြင်း၊ ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ယနေ့အချိန်ထိ နှစ်ပေါင်း ၆၀ ကျော်သွားသည့်တိုင် နာမည်ကျော်ကြားသည့် ကားအသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ဇေယျ**





**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**သတင်းကြေညာချက်**
**နေပြည်တော်။ ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁ ရက်**
**(၂၀၁၃ ခုနှစ် မေလ ၁၀ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲများ လျှောက်လွှာလက်ခံခြင်းကို ၂၀၁၃ ခုနှစ် မေလ ၁၅ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ကျောက်စိမ်းတွဲများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများကို ၂၀၁၃ ခုနှစ် မေ ၃၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးအဆောက်အအုံများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများ အပါအဝင် အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည် ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြောင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်

(ခ) ရွှေကျင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်

(ဂ) ငဖဲမြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုပ်ညှပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၅-၂၀၁၃ရက်မှ ၇-၆-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** | **အဆောက်အအုံများဆောက်လုပ်ခြင်း၊** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ၊** |
| **ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ မြေကွက်အမှတ် (၂၄၇/၂၆၉)၊ Delta Plaza အခန်းအမှတ် ၇၀၄၊ ခုနစ်ထပ်၊ အဆောက်အအုံ(B)၊ တယ်လီဖုန်းအမှတ်-၅၅၂၈၇၇၊ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကေသီလေးနိုင် ၁၂/ရကန(နိုင်)၀၄၄၈၉၆ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာထွန်း**
**အမှတ် ၁၁၅၊ အခန်း ၈၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၅၃၃၀၈၊ ၀၉-၄၃၁၆၄၃၇၈၊ ၀၉-၅၀၁၄၂၇၆**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**
**ချင်းပြည်နယ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်တွင် တည်ရှိသော ဧရိယာအတိုင်းအတာ (၂၆၀'×၁၈၀'×၈၀'×၁၈၀'×၂၀၀'×၁၅၀'×၁၅၀')ရှိ မြေကွက်ပေါ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး (ရုံးခန်းများ၊ အစည်းအဝေးခန်းမများ၊ ယာဉ်ရပ်နားရန်နေရာများ) သုံးထပ်(RC)အမျိုးအစား အဆောက်အအုံတစ်လုံး ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) အဆောက်အအုံတည်ဆောက်လိုသည့် ကုမ္ပဏီမှရေးဆွဲတင်ပြသော Design estimate ပါ ပစ္စည်းအရေအတွက်၊ အရည်အသွေးစံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရမည်ဖြစ်ပါသည်။ ခန့်မှန်းကုန်ကျငွေ(ကြမ်းခင်းဈေး)မှာ ကျပ် ၇၇၀၀ သန်း ဖြစ်ပါသည်။

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် အဆိုပြုတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အာမခံအဖြစ် ထားရှိရန်။

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile ဖြင့်တင်ပြရန်။

(ဃ) အဆောက်အအုံတန်ဖိုးအား တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် ၇၀ ရာခိုင်နှုန်း တန်ဖိုးကိုပေးချေ၍ လုပ်ငန်းအားလုံးပြီးဆုံးချိန်တွင် ကျန် ၃၀ ရာခိုင်နှုန်းကို ပေးချေမည်ဖြစ်ပါသည်။

(င) အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်ကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရန်-

| | | |
|---|---|---|
| (၁) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက်** | - ၁၄-၅-၂၀၁၃ရက်မှ ၁၉-၅-၂၀၁၃ရက်အထိ |
| (၂) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်အချိန်** | - နံနက် ၀၉း၃၀ နာရီမှ ၁၅း၀၀ နာရီအထိ |
| (၃) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** | - ၁၀-၆-၂၀၁၃ရက် |
| (၄) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** | - နံနက် ၀၉း၃၀ နာရီမှ ၁၅း၀၀ နာရီအထိ |
| (၅) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့ |

(စ) သတ်မှတ်ရက်အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၂။ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံတည်ဆောက်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၀-၂၁၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ချင်းပြည်နယ်အစိုးရအဖွဲ့**

နိုင်ငံတကာအားကစားသတင်း

# အက်ဖ်အေဖလား ဝီဂန်တို့ဆွတ်ခူးပြီ

**၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ အက်ဖ်အေဖလားနောက်ဆုံး ဗိုလ်လုပွဲကို မေ ၁၂ ရက် နံနက်က လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ မန်စီးတီးနဲ့ ဝီဂန်တို့ ယှဉ်ပြိုင်ကစားတဲ့အခါ ဝီဂန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး ၈၁ နှစ်အတွင်းမှာ ပထမဆုံးအက်ဖ်အေဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ပြီဖြစ်ပါတယ်။**

မန်စီးတီးအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့မဖြစ်စေဖို့အတွက် အမာခံကစားသမားတွေဖြစ်တဲ့ တီဗက်ဇ်၊ အဂူရို၊ ဆေးလ်ဗား၊ ယာယာတိုရေး၊ ဘာရီ (ဒီဇီကို)၊ နာဆရီစတဲ့လူတွေ ထုတ်သုံးခဲ့ပေမယ့် ဝီဂန်တို့ရဲ့ အမှားအယွင်းနည်းနည်းနဲ့ ကစားကွက်အောက်မှာ ခက်ခဲစွာ ရှုန်းကန်ခဲ့ရပါတယ်။

ဝီဂန်တို့ကတော့ မက်ကာသေး၊ ဂိုမက်စ်၊ ကိုနေးလ်စတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ပြီး မန်စီးတီးကိုရင်ဆိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မန်စီးတီးတိုက်စစ်မှူးတွေဟာ ကွင်းလယ်ကစားအားကိုယူပြီး တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ပေမယ့် ဝီဂန်ခံစစ်မှူးတွေရဲ့ စုစည်းစွာဟန့်တားနိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးရအောင်မသွင်းနိုင်ခဲ့ပါဘူး။

မန်စီးတီးနည်းပြ မန်ချီနီဟာ ဝီဂန်ဘက်ကို ဂိုးသွင်းယူနိုင်ရေးအတွက် ဒုတိယပိုင်းပွဲချိန်အတွင်းမှာ နာဆရီအစားမီလ်၊ ဘာရီအစား ဒီဇီကိုနဲ့ တီဗက်ဇ်အစား ရော့ဒ်ဝဲလ်တို့ကို အစားထိုးကစားစေခဲ့ပေမယ့် ထူးခြားမှုဖြစ်မလာခဲ့ပါဘူး။

ဒါ့အပြင်ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ဂိုးသွင်းယူနိုင်ရေးကြိုးစားရင်းနဲ့ ၈၄ မိနစ်မှာ ဇာဘလက်တာ နှစ်ဝါတစ်နီနဲ့ အထုတ်ခံခဲ့ရတာမို့ မန်စီးတီးတို့ပွဲပြီးခါနီးမှာ ၁၀ ဦးတည်းနဲ့ ကစားခဲ့ရပါတယ်။

ပွဲချိန်ပြည့်ခါနီး မိနစ် ၉၀ မှာ ဝီဂန်ကစားသမားဝက်ဆန်ရဲ့ သွင်းဂိုးကြောင့် ဂိုးရရှိပြီး ပွဲအပြီးမှာ ဝီဂန်က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရကာ မန်စီးတီးတို့ ရေတိမ်နစ်ပြီး အက်ဖ်အေဖလားနဲ့ ဝေးကွာခဲ့ရခြင်းဖြစ်ပါတယ်။

မန်စီးတီးနည်းပြ မန်ချီနီဟာ အက်ဖ်အေဖလားကို သေချာပေါက်ရယူနိုင်မယ်လို့ ယုံကြည်ထားခဲ့ပြီး ဒီနှစ်ဘောလုံးရာသီမှာ အနည်းဆုံးဖလားတစ်လုံးရယူပေးမယ်လို့ ပြောဆိုခဲ့ပေမယ့် လက်တွေ့မှာ ဖြစ်မလာနိုင်ခဲ့ပါဘူး။ အက်ဖ်အေဖလားကို လက်လွတ်ဆုံးရှုံးခဲ့ရတဲ့ မန်ချီနီဟာ ရာသီကုန်မှာ အသင်းမှထွက်ခွာမယ်လို့လည်း သတင်းတွေထွက်ပေါ်နေပါတယ်။ ဒါ့အပြင် မန်ချီနီအနေနဲ့ မန်စီးတီးကထွက်ခွာခဲ့ရင် အစားထိုးဖို့ မာလာဂါအသင်းနည်းပြ ပီလက်ရီနီအား ကမ်းလှမ်းထားတယ်ဆိုတဲ့ သတင်းတွေလည်း ဖြစ်ပေါ်နေတာမို့ စောင့်ကြည့်ရမယ့် အနေအထားပါပဲ။

**မိုးမြင့်လင်းလက် ရေးသည်**



## ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- အသက် ၂၅ နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာအား ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် မန်ယူက ကြိုးစားနေပြီဖြစ်သည်။
- ဂါလာတာစာရေးအသင်းသည် အသက် ၃၂ နှစ်အရွယ်ရှိ ချယ်လ်ဆီးနောက်ခံလူ ဂျွန်တယ်ရီနှင့် ဖူလ်ဟမ်တိုက်စစ်မှူး ဘာဘာတော့ဗ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အာဆင်နယ်သည် ဖီအိုရင်တီးနားတိုက်စစ်မှူး စတီဗင်ဂျိုဗစ်အား လာမည့်နွေရာသီ၌ ခေါ်ယူမည်ဖြစ်သည်။
- မန်စီးတီးအသင်းသည် ဆီဗီလာအသင်း တောင်ပံကစားသမား နာဗက်စ်အား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အေဂျက်ဇ်မှ နောက်ခံကစားသမား အယ်ဒါဝီအား လီဗာပူးက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ပို့စ်မောက်အသင်းနောက်ခံလူ အလက်ဂရန့်အား စတုတ်အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အသက် ၂၆ နှစ်အရွယ်ရှိ ကျူပီအာအသင်းတိုက်စစ်မှူး ရီမီအား အင်တာမီလန်နှင့် နာပိုလီတို့က စာချုပ်နိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။
- ဘလက်ဘန်းအသင်းမှ တောင်ပံကစားသမား ဂျို့ကင်းအား မစ်ဒယ်ဘရော့အား စာချုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။
- မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးက ယခုနှစ်ရာသီကုန်၌ ဘောလုံးကစားခြင်းမှ အနားယူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

## လမ်းပတ် စံချိန်ဂိုး သွင်းယူ

ပရီမီယာလိဂ်ပွဲစဉ် အဖြစ် အက်စ်တွန်ဗီလာနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြစဉ် ချယ်လ်ဆီးဝါရင့်ကွင်းလယ်ကစားသမား လမ်းပတ်က ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးသမိုင်းတွင် ဂိုးအများဆုံးသွင်းယူသည့် စံချိန်ရှင် ဖြစ်သွားခဲ့သည်။ လမ်းပတ်သည် ပွဲချိန် ၆၁ မိနစ်နှင့် ၈၈ မိနစ်တွင် ဂိုးများသွင်းယူခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ဂိုးပေါင်း ၂၀၃ ဂိုးသွင်းယူသူအဖြစ် စံချိန်တင်ခဲ့သည်။ ၎င်းမတိုင်မီက ဘော်ဘီတမ်ဘလင်း ၁၉၅၉-၁၉၇၀ က ၂၀၂ ဂိုးဖြင့် အများဆုံးသွင်းယူခဲ့သည်။

## ဂါစီယာနှင့် တိုက်ဂါးဝုဒ်ဦးဆောင်

နာမည်ကြီး ဂေါက်သီးကစားသမားဖြစ်ကြသည့် ဆာဂျီယိုဂါစီယာသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ ကျင်းပသော ပလေယာချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်၊ လီဝက်စ်ဝုဒ်တို့နှင့်အတူ ဦးဆောင်လျက်ရှိသည်။ ဂါစီယာသည် ဒုတိယနေ့ပြိုင်ပွဲအပြီး သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ပြီး ဦးဆောင်နေသည်။ ၎င်းသည် ယင်းပြိုင်ပွဲ၏ ၂၀၀၈ ခုနှစ် ချန်ပီယံဖြစ်သည်။ ၎င်းသည် တိုက်ဂါးဝုဒ်ထက် တစ်ချက်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

## ရာဖေးလ်နာဒယ် အကြိုဗိုလ်လုပွဲတက်

ကမ္ဘာနံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်က ၄-၆၊ ၇-၆၊ ၆-၀ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပြိုင်ပွဲအဖြစ် ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ချက်တင်းနစ်ကစားသမား သောမတ်ဘာဒိုက်ချ်အားရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။

**ကောင်းမြတ်သူ စုစည်းသည်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၁၂ယ/၃၉၁၂၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၉/လဝန(နိုင်)၀၃၂၂၃၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**







ပြည်တွင်းသတင်း

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဧပြီလ၌ မီးလောင်မှုများကြောင့် ငွေကျပ် ၅ရ၃ သိန်းကျော်ဆုံးရှုံးခဲ့

**ရန်ကုန် မေ ၁၂**

ယခုနှစ်နွေသည် ယခင်နှစ်များထက် ပို၍ပူသည်။ အပူလွန်ကဲသည်နှင့်အမျှ ရန်သူမျိုးငါးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်သော "ရန်သူမီး"သည် ပို၍ပူလောင်လှသည်။ ဧပြီလသည် ရက်ပေါင်းအားဖြင့် ၃၀ မျှသာဖြစ်သော်လည်း ထိုရက်ပေါင်း ၃၀ အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မီးလောင်မှုအကြိမ်ပေါင်း ၂၆ ကြိမ်ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**



ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောက်တံတား၊ စမ်းချောင်း၊ တာမွေ၊ သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ အင်းစိန်၊ လှိုင်၊ သန်လျင်၊ လှိုင်သာယာမြို့နယ်တို့က မီးလောင်မှုများဖြစ်ပွားခဲ့သည်။ ထိုကာလအတွင်း ကျောက်တံတားမြို့နယ်က မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပြီး အင်းစိန်မြို့နယ်က ဒုတိယ၊ တောင်ဥက္ကလာပမြို့နယ်က တတိယအများဆုံးဖြစ်ပွားခဲ့ကြောင်းကို လေ့လာတွေ့ရှိရသည်။ စမ်းချောင်းမြို့နယ်၌ သုံးကြိမ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်၊ သန်လျင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့၌ တစ်ကြိမ်စီ ဖြစ်ပွားခဲ့သည်။

မီးလောင်မှု အခြေခံအကြောင်းအရင်းအားဖြင့် ပေါ့ဆမီးမှအများဆုံးလောင်ကျွမ်းခဲ့သည်။ ပေါ့ဆမီး ၁၁ ကြိမ်၊ လျှပ်စစ်မီး ခြောက်ကြိမ်၊ မီးဖိုမီး ငါးကြိမ်၊ တောမီးနှစ်ကြိမ်၊ အလိုအလျောက်မီးနှင့် မသမာသူရှို့မီး တစ်ကြိမ်စီ ဖြစ်ပွားခဲ့သည်။

ဆုံးရှုံးမှုအားဖြင့် သန်လျင်မြို့နယ်အတွင်း အိမ်ခြေလေးလုံး၊ အင်းစိန်မြို့နယ်တွင် အိမ်ခြေသုံးလုံး၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ကျောက်တံတားမြို့နယ်တို့တွင် အိမ်ခြေတစ်လုံးစီ ဆုံးရှုံးခဲ့ရသည်။

သေဆုံးသူအားဖြင့် ကျောက်တံတားမြို့နယ်အတွင်းမှ လူ ၁၃ ဦး သေဆုံးခဲ့ရပြီး မြောက်ဥက္ကလာပမြို့နယ်မှ လူခြောက်ဦး ဒဏ်ရာရခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တစ်ဝန်းတွင် ယခုနှစ် ဧပြီလအတွင်း မီးလောင်ဆုံးရှုံးခဲ့ရမှုမှာ ငွေကျပ် ၅၃၇၉၅၅၀၀ ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုကြီးတင်**

# ပြည်သူ့လူထုအခြေပြု ခရီးသွားလုပ်ငန်း သင်တန်းဖွင့်

**မော်လမြိုင် မေ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာ ရေစုရပ်ရှိ မိုးကုတ်ဝိပဿနာဓမ္မာရုံ၌ မေ ၆ ရက် နံနက် ၈ နာရီက မုတ္တမကျေးရွာ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှကြီးမှူး၍ "ပြည်သူ့လူထုအခြေပြု" ခရီးသွားလုပ်ငန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် ရန်ကုန်မြို့ SST ခရီးသွားလုပ်ငန်းကုမ္ပဏီမှ အကြံပေးသြစတြေးလျနိုင်ငံသား Mr.Grag၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးဒေါက်တာမင်းနွယ်စိုးက အမှာစကားပြောကြား၍ ဦးစံဝင်း(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Mr. Grag က မိတ်ဆက်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ကျိုက်ထို၊ ဘီးလင်း၊ မော်လမြိုင်၊ ပေါင်မြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်တို့မှ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၁၅ ဦးတက်ရောက်ပြီး သင်တန်းကို မေ ၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွဋ်(မော်လမြိုင်)**

# လောင်းကစားဝိုင်း ဖမ်းဆီးရမိ

**ကောလင်း မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက်ဘက် ၁၁ မိုင်အကွာ ချောင်းနားရဲစခန်းနယ်မြေ ခါတောကျေးရွာ ဘုန်းကြီးပျံပွဲတွင် မေ ၇ ရက် ည ၉ နာရီခွဲက ကောလင်းမြို့နယ် ရဲစခန်းမှူး ရဲအုပ်မြင့်ဝင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စန်းယုနှင့် ရဲတပ်ဖွဲ့ဝင်များသည် လောင်းကစားဝိုင်းကို ခါတောကျေးရွာ ဘုန်းကြီးပျံဇာတ်ပွဲကပြသောနေရာသို့ ဒေသခံအသိသက်သေများနှင့်အတူ ရှောင်တခင်ဝင်ရောက်၍ ရှာဖွေစစ်ဆေးခဲ့သည်။

အဆိုပါ ဘုန်းကြီးပျံပွဲ၌ မနုနုဝင်း(ခ)မထား(၄၁ နှစ်)၊ ခင်ဇော်(၂၈ နှစ်) အား လောင်းကစားရာတွင် အသုံးပြုသော ဒေါင်း၊ ယုန်၊ ဇီးကွက်၊ မြင်း၊ ဖား၊ ဘဲ၊ ကြက်၊ လိပ်၊ ပုစွန်၊ ဆင်၊ ကျား၊ ငါး၊ ဝက်၊ ခို၊ ပန်းသီးကြယ်၊ လိပ်ပြာ၊ ကလပ်ရုပ်ပုံများပါ နှစ်လက်မပတ်လည် အန်စာတုံးကိုးတုံး၊ အလျား ၁၀ ပေခန့်၊ အနံငါးပေခန့်ရှိ တစ်ကောင်ပေါ်တစ်ဆ၊ နှစ်ကောင်ပေါ်သုံးဆ၊ သုံးကောင်ပေါ် ငါးဆစာတမ်းများပါ ဗီနိုင်းဇယားကွက်တစ်ချပ်၊ အစိမ်းရောင်ဇလုံတစ်လုံး၊ အထပ်သားအဝိုင်းအပြားတစ်ခု၊ အဖြူရောင်မီးအိမ်ငယ်တစ်လုံး၊ ငွေစက္ကူရောရာ ကျပ် ၅၀၀၀တို့ကို ဖမ်းဆီးရမိသည်။ အဆိုပါအမှုကို မြို့နယ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုကိုညိမ်း(ကောလင်း)**

# ကျွန်းလှမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ကျွန်းလှ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဘိုအင်းကျေးရွာ၏ အနောက်ဘက်တွင် မေ ၇ ရက် ညနေ ၆ နာရီခွဲက လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကောလင်းမြို့နယ် အုတ်တိုက်ကုန်းကျေးရွာနေ ဦးမြင့်ထူးသည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ စိုးလွင် နေအိမ်သို့ရောက်ရှိလာပြီး ရွာ၏အနောက်ဘက်ကမ်းရှိ ကျွန်းလှမြို့နယ် ဘိုအင်းကျေးရွာနေ အစ်ကိုဖြစ်သူ ဦးမောင်မြင့်အား ကြို့ပင်ရွာမမှ နိုင်လင်းဆိုသူက ဓားဖြင့်ထိုး၍သေဆုံးကြောင်း အကြောင်းကြားလာသဖြင့် ဦးမြင့်ထူးနှင့် ကြို့ပင်ရွာမနေ ဦးဖိုးထောင်တို့ သွားရောက်ကြည့်ရှုရာ ဘိုအင်းကျေးရွာတောင်ဘက်အလွန် ဦးဖိုးကောက်၏ ဆိုင်ကယ်ပြင်ဆိုင်ရှေ့တွင် အစ်ကိုဖြစ်သူ ကိုမောင်မြင့်မှာ ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရပြီး ဓားဖြင့်ထိုးသူမှာ ကောလင်းမြို့နယ် ကြို့ပင်ရွာနေ နိုင်လင်းဖြစ်ကြောင်းသိရ၍ ကျွန်းလှရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


# စားသောက်ဆိုင်ဖွင့်ပွဲ အခမ်းအနား ကျေးဇူးတင်လွှာ

၁၂-၅-၂၀၁၃ ရက် (Happy Mother's Day) နေ့ နံနက် ၁၁:၀၀ နာရီတွင် စတင်ဖွင့်လှစ်လိုက်သည့် GOLDEN VIEW (Healthy) Japanese Teppanyaki Restaurant ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ်နှင့် INTEGRATED MANAGEMENT Co., Ltd. Mr. AKIHIKO SATO (Advisor) လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း ဂုဏ်ပြုပန်းခြင်းပို့ခဲ့သည့် ဦးထွန်းသိန်း (ငွေဆဒ္ဒန်၊ မန္တလေး)နှင့်ဇနီး ဒေါ်လှမျိုးနွယ် (အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ အစ်မကြီး TRUDY SATO (SU Concert)အခမ်းအနားဒီဇိုင်း မေတ္တာဖြင့်ပြင်ဆင်ပေးခဲ့သည့် (Love Peace & Join) မောင်ဝင်းမြင့်ဦးနှင့်ဇနီး အေးမင်းမင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမေတ္တာဖြင့် ရိုက်ကူးပေးခဲ့သော Ko Naing (Popular) ESCAPE STUDIO၊ မေတ္တာဖြင့်ကူညီခဲ့သော မော်ဒယ်ညီမလေးများ၊ အဘက်ဘက်မှကူညီပေးခဲ့သည့် ဦးသိန်းနိုင်၊ ဦးသိန်းဌေး (T.M ဓာတ်ပုံဘောင်လုပ်ငန်း)၊ မောင်ဝင်းလွင်မိုး (High Power)၊ မောင်မိုးကျော် (OASIS)၊ မောင်တာရာ (FORWARD- Engineering Group)Y.G တို့နှင့် မောင်တင်ဌေး(K.L)၊ မောင်ကျော်ကြီး(K.L)၊ မောင်ထွန်းထွန်းဝင်း(K.L) (MALAYSIA) စာနယ်ဇင်းများ၊ အနုပညာရှင်များ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ချီးမြှင့်ခဲ့ကြသော မိတ်ဆွေများအားလုံးအား လှိုက်လှဲစွာ အထူးလေးစားကျေးဇူးတင်ရှိပါသည်။

**MA MAY CHO**
**(Proprietor)**
**(MALAYSIA)**

## နာရေးကူညီမှုအသင်း(ရန်ကုန်)၏ သုခမျိုးဆက်သစ် ကုသိုလ်တော်အနုပညာအဖွဲ့ ပေးဆပ်သူများသင်္ကြန်သံချပ် DVD (ခိုးကူးခွေ)ကိစ္စ ကြေညာချက်

၂၀၁၃ ခုနှစ် သင်္ကြန်ကာလအတွင်း နာရေးကူညီမှုအသင်း(ရန်ကုန်)၏ **သုခမျိုးဆက်သစ် ကုသိုလ်တော်အနုပညာအဖွဲ့** သင်္ကြန်အလှပြယာဉ်မှ **ပေးဆပ်သူများသံချပ်အဖွဲ့**သည် ရန်ကုန်မြို့တော်အနှံ့ လှည့်လည်ဖျော်ဖြေခဲ့ပါသည်။

ဤအဖွဲ့မှဖျော်ဖြေသောသံချပ်နှင့် သီချင်းများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်သီချင်းနှင့် သံချပ်များ စိစစ်ရေးဆပ်ကော်မတီသို့ ကြိုတင်တင်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုပေးဆပ်သူများသံချပ် DVD အား အကန့်အသတ်ဖြင့် အလှူရှင်များအား မေတ္တာဖြင့် ဖြန့်ဝေခဲ့ပါသည်။ ထို DVD အား စီးပွားဖြစ်ရိုက်ကူး ထုတ်လုပ်ဖြန့်ချိခြင်း မပြုခဲ့ပါ။

ဤအခြေအနေတွင် နာရေးကူညီမှုအသင်း(ရန်ကုန်)၏ သင်္ကြန်သံချပ် DVD အား မြန်မာပြည်အနှံ့အပြားတွင် (ခိုးကူးခွေ)အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ ခိုးကူးခွေဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချမှုနှင့် ထိုရောင်းချမှုအပေါ်မှ ပေါ်ပေါက်လာသောကိစ္စအရပ်ရပ်သည် နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလ (တရားလွှတ်တော်ရှေ့နေ)**
**နာရေးကူညီမှုအသင်း(ရန်ကုန်)၏ဥပဒေအကြံပေး**
**အမှတ် ၁၃ (က)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းဆိုင်ရွာနေ ဦးဖော်ဒင်၏သမီး မနန်းဘောမ်နှင့် မနန်းဘောက်သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၃-၂-၁၉၈၈) ဖြစ်ပါကြောင်း။

**မနန်းဘောမ်(ခ)မနန်းဘောက်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊အထက(၁)မှ နဝမတန်းအောင် မောင်ဇော်ဇက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နော်(ခ) ဦးဘောက်လာ ၁၃/လရန(နိုင်)၁၅၂၉၇၈ ဖြစ်ပါကြောင်း။

## ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း

(နေထိုင်မှုအခမဲ့)
၂၁၊အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့
ဖုန်း- ၄၀၀၆၁၄ ၊ ၅၄၄၉၂၄၊
၀၉ ၅၀၅၂၁၁၅

## ရှင်သာမဏေဓမ္မဗိမာန် ပိဋကတ်မြန်မာပြန်တရားတော်များသင်တန်း

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရားတော်များဖြစ်သည့် နိကာယ်ငါးရပ် ပိဋကတ်တော်မှ လူပုဂ္ဂိုလ်များ နားလည်လိုက်နာနိုင်စေရန် ရွေးချယ်စိစစ်ကာ သင်ကြားပေးမည့် **နိကာယ်ငါးရပ်ပိဋကတ်မြန်မာပြန်သင်တန်းကို** ပိဋကတ်ပညာရှင် ဆရာကြီးများက သင်ကြားပြသပေးမည်ဖြစ်သည်။သင်တန်းကို မေလ(၁၈) ရက်မှ အောက်တိုဘာ(၂၇) ထိ၊ အပတ်စဉ် စနေ-တနင်္ဂနွေနေ့များတွင် နံနက်(၈)နာရီမှ (၁၁:၅၀)နာရီထိ သင်ကြားမည်ဖြစ်သည်။သင်တန်းတက်ရောက်လိုပါက ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်အနီး၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်သို့ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ပါသည်။

ဖုန်း-၃၈၇၃၆၁

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ ဦးပိုင်အမှတ် (၁၁၈ဏ)၊ ဧရိယာ ၀.၁၁၅၀၇၉ဧကရှိ ဦးစံလှဘော်၏သမီးဒေါ်ခင်ဆွေအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးကျော်ယု ၉/ပမန(နိုင်)၀၆၀၈၄၆ (ဘ)ဦးစံလှဘော်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အဆောက်အအုံ ဒီဇိုင်းလက်တွေ့ရေးဆွဲခြင်း Building Design သင်တန်း ဖွင့်မည်

ပြည်တွင်း၊ ပြည်ပရှိဆောက်လုပ်ရေးကုမ္ပဏီများ၊ Decoration ကုမ္ပဏီများတွင် Drafter, CAD Designer အဖြစ် လုပ်ငန်းခွင်ဝင်မည့်သူများ တက်ရောက်နိုင်သည်။ Auto CAD, 3Dsmax ဖြင့် အဆောက်အအုံတစ်ခုလုံး၏ Civil, Archi ဆိုင်ရာ Project Plan များ၊2D, 3D, Rendering လုံးချင်း၊ တစ်ထပ်၊ နှစ်ထပ်၊အထပ်မြင့်တိုက်များ၏ အခန်းအတွင်း၊အပြင်ဒီဇိုင်းများကို နောက်ဆုံးဒီဇိုင်းအချောသတ်ထုတ်နိုင်ပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ ဝါရင့်ကျွမ်းကျင်ဆရာမျိုးကိုယ်တိုင်သီအိုရီ၊လက်တွေ့အချိုးညီညီအတတ်သင်ကြားပေးသည်။ ဆွဲသားနည်းမြန်မာလိုစာအုပ်နှင့် Video Training ထုတ်ပေးသည်။

PROMOTION Computer ☎389038 0973184525

## အမည်ပြောင်း

ပုသိမ်၊ အထက(၂)၊ နဝမတန်း နသ-၂၂၅ဖြင့် ၂၀၁၂-၂၀၁၃တွင် အောင်မြင်သူ မမေချိုဇင်အား ယနေ့မှစ၍ မသွန်းဆက်ချယ်ရီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းဆက်ချယ်ရီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၄-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာအချပ်ပို (က)တွင် ကန့်ကွက်နိုင်ပါသည်ခေါင်းစဉ်ပါ ကန့်ကွက်စာတွင်ဖော်ပြထားသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် (၄၈၄/B)ဟု အိမ်အမှတ်ကို မှားယွင်းဖော်ပြထားပါသည်။ ယင်းသို့ဖော်ပြထားသည့် အိမ်အမှတ် (၄၈၄/B)အစား (၄၈၄/A)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဖြူ LL.B, D.B.L, D.M.L, D.I.L, D.A Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)**
**၉/၁၁၊ အခန်း (၀၀၁)၊ မြေညီထပ်၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

## တစ်ပိုင်တစ်နိုင်မွေးမြူရေး သားခွဲဝက်များ ဖြန့်ဖြူးပေး

**စဉ့်ကိုင် မေ ၁၂**

ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးလုပ်ငန်းစဉ်များတွင် တစ်ခုအဖြစ်ပါဝင်သည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် စာရင်းမှတ်စနစ်ဖြင့် သားခွဲဝက်ငယ်များကို ဖြန့်ဖြူးပေးလျက်ရှိရာ မေ ၉ ရက်က ဝန်သိုကျေးရွာတွင် ဝက်မွေးမြူသူ ၂၃ ဦးအား ဝက်ကောင်ရေ ၇၈ ကောင်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မေထုန်မဲ့သားစပ်ခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း၊ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံရေးနှင့် တိရစ္ဆာန်အာဟာရဗေဒဆိုင်ရာ သိကောင်းစရာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးနှင့် စဉ့်ကိုင်မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်အေးကြည်တို့က ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**





## စဉ့်ကိုင်၌ ဒုတိယအကြိမ် လေပြင်းတိုက်ခတ်

**စဉ့်ကိုင် မေ ၁၂**

မေ ၉ ရက် ညနေ ၄ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် သစ်ပင်ကြီးငယ်များကျိုးကျခြင်း၊ ဆိုင်ခန်းများပျက်စီးခြင်း၊ ကျေးရွာများအတွင်း လူနေအိမ်ခေါင်မိုးများ ပျက်စီးခြင်းနှင့် ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နေအိမ်များပြို**

လေပြင်းတိုက်ခတ်မှုကြောင့် စဉ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက်နှင့် ရန်အောင်မြင်ရပ်ကွက်များတွင် သစ်ပင်ကြီးများ ကျိုးကျခြင်း၊ ဈေးဆိုင်ခန်းများပျက်စီးကာ လမ်းများပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ မြို့နယ်အတွင်းရှိ မီးသွေးဘုတ်ကျေးရွာတွင် လူနေအိမ်နှစ်လုံးပြိုကျပြီး အိမ်ခြေ ၁၄ လုံး ခေါင်မိုးလန်ခြင်း၊ ကျေးရွာမူလွန်ကျောင်းအနည်းငယ် ပျက်စီးခြင်း၊ နတ်ရေကန်ကျေးရွာတွင် နှစ်အိမ်ပျက်စီးပြီး မူလွန်ကျောင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**ပျက်စီးခဲ့**

စဉ့်ကိုင်မြို့နယ်တွင် ယခု တစ်ကြိမ်တိုက်ခတ်မှုသည် ဒုတိယအကြိမ်ဖြစ်ပြီး မေ ၂ ရက်ကလည်း လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်း အိမ်ခြေ ၄၇ လုံး ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ **ထွန်းထွန်းနိုင်**

## ရေအခက်အခဲနှင့် ဆင်သည်ရွာ

**ပုဏ္ဏားကျွန်း မေ ၁၂**

ဆင်သည်ကျေးရွာသည် ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းတွင်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်၊ လူဦးရေ ၂၀၀၀ ကျော်ရှိပြီး အမက(လွန်)နှင့် ကျောင်းလက်က/မဌာနခွဲလည်းရှိသည်။ သို့သော် နှစ်စဉ်ရေအခက်အခဲဒုက္ခကို ကြုံတွေ့နေရသည်။

**နှစ်စဉ်ကြုံတွေ့**

၎င်းရွာသည် ယခင်က သစ်တောများ၊ တောင်စွယ်တောင်တန်းများကြားတွင်ရှိပြီး ကန်ရေများမရှိသော်လည်း နွေရာသီတွင် စိမ့်စမ်းရေတွင်းများမှ ရေကို အလျှံပယ်ရရှိခဲ့ကြသည်။ သို့သော် ယခုအခါ စည်းကမ်းမဲ့ တရားမဝင်သစ်ခိုးယူမှုများကြောင့် သစ်တောများပြုန်းတီးကာ စိမ့်စမ်းရေများ အထွက်လျော့သွားသဖြင့် ရေအခက်အခဲဒဏ်ကို နှစ်စဉ်ကြုံတွေ့နေရသည်။

၎င်းဒုက္ခမှ လွတ်မြောက်ရန်အတွက် ၂၀၁၀ ခုနှစ်ကစတင်၍ တောင်ကိုပိတ်ဆို့ကာ တစ်ဖက်ဆည်ကန်တစ်ခုကို ရွာသူရွာသားများ၏ ကာယဒါနလုပ်အားများဖြင့် ဆည်ဖို့လာခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ရှိပြီဖြစ်သည်။

"ဒီကန်ကို ကန်သာယာလို့ခေါ်ပါတယ်။တစ်ဖက်ဆည်ကန်မျိုးပါ။ ဧရိယာ ၀ ဒသမ ၈၀ ဧကခန့်ရှိပြီး ဒီကန်ကို ရည်မှန်းထားတဲ့အထိ ဆည်ဖို့နိုင်ရင်တော့ ရေဒုက္ခက ကင်းဝေးသွားမှာပါ။ ကျွန်တော်တို့ရွာမှာ ဖေဖော်ဝါရီကနေ မိုးကျတဲ့အထိ ရေရှားပါးပါတယ်။ ဒါလည်း တောတောင်တွေပြုန်းတီးမှုနဲ့ ရင်ဆိုင်ရလို့ပါ။ အခုက ဒီလိုမဟုတ်ပါဘူး။ ရေရှားတော့ ကန်တူးတယ်၊ ဆယ်တယ်ပေ့ါ။ ဒါလည်း ကိုယ်ထူကိုယ်ထပါ၊ ကန်တော့တူးနေ ဆယ်နေကြပါပြီ။ အလျင်အမြန်ပြီးစီးဖို့၊ ခြံစည်းရိုးတွေ ကာရံဖို့ မြို့နယ်၊ ပြည်နယ်၊ နိုင်ငံတော်အဆင့်တွေ၊ စေတနာရှင်တွေ ပံ့ပိုးနိုင်ရင်တော့ ပိုကောင်းမှာပါ"ဟု ဆင်သည်ကျေးရွာ အမက(လွန်)ကျောင်းအုပ်ကြီး ဦးလှသောင်းက ပြောသည်။

**လှူဒါန်းနိုင်**

ယခုအခါ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဆင်သည်ကျေးရွာသူ ကျေးရွာသားများသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေကြပြီး စေတနာရှင် အလှူရှင်များလည်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **ကိုကြီးစော**

**ချိန်ခါမရွေး သတိပေး**
**မီးဘေးကင်းဝေးမှာ**


ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှု၊
မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုတို့ဖြင့် အောက်ဖော်ပြပါ
ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား Star Resources
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ဖွင့်လှစ်သွားပါမည်-

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁) | ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၃။ | အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | နိုင်ငံတကာမုန့်မျိုးစုံထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | ၎င်းသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၆။ | ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာ ကြီးကြပ်ရေး သင်တန်း (ဘဏ္ဍာရေး) (အခန်းဌာန)၊ (အစားအစာနှင့်အဖျော်ယမကာဌာန) (အဆင့်၂) | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီး၊ ဘွဲ့ရသူ(သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိ၊ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။ |

သင်တန်းကာလ - ( ၂၇.၅.၂၀၁၃ ) မှ ( ၂၉.၇.၂၀၁၃ ) ရက် အထိ။

သင်တန်းဆိုင်ရာအချက်အလက်များဆက်သွယ်စုံစမ်းရန် -

လျှောက်လွှာများကို မြေနီကုန်းရှိ Star Resources ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ထုတ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံစာ တို့ကိုပူးတွဲတင်ရမည်။

Star Resources ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန

အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ဒဂုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊စမ်းချောင်းမြို့နယ်။

ဖုန်း ။ ။ ၀၁- ၅၂၃ ၂၀၀၊ ၅၂၃ ၆၂၃၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၀၉ ၅၀၂၀ ၃၀၂။


**အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း**

ဖျာပုံမြို့၊ (၃)ရပ်ကွက်၊ အောင်သပြေ ၃ လမ်း၊ အိမ်အမှတ် ၁၂၈နေ ဦးတိုးအောင် ၁၄/ဖပန(နိုင်)၀၇၇၇၁၅နှင့် ဒေါ်မော်လီဌေး ၁၄/ဖပန(နိုင်)၀၇၇၆၁၅တို့၏သမီး မတိုးရတနာသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အတွက် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတိုးအောင်-ဒေါ်မော်လီဌေး**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂ဃ/၁၇၂၉ Toyota Harrier MCU 15 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၁၂/အလန(နိုင်)၀၃၃၆၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၈၅၇၈၄ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဆွေ ၉/မရတ(နိုင်)၀၄၉၉၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



သတင်းကြော်ငြာ



# ပြည်သူများအန္တရာယ် ကင်းရှင်းစေရေး မိုးညှင်း၌ လမ်းတိုးချဲ့ဆောင်ရွက်ရန် စစ်ဆေး

မိုးညှင်း မေ ၁၂

မိုးညှင်းခရိုင် မိုးညှင်းမြို့တွင်းပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး သွားလာမှုအဆင်ပြေ ချောမွေ့စေရန်အတွက် မေ ၆ရက် နံနက် ၉နာရီက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးညှင်းမြို့တွင်းလမ်းပိုင်း နှစ်မိုင်လေးဖာလုံအား မူလကတ္တရာလမ်း အကျယ် ၁၂ပေမှ လမ်းတစ်ဖက်လျှင် သုံးပေစီတိုးချဲ့ပြီး ကတ္တရာလမ်းအကျယ် ၁၈ပေအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ငွေဖြင့် ဆောင်ရွက်နိုင်ရန် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ ကချင်ပြည်နယ် အမှတ်(၅)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းစံဝင်း၊ မိုးညှင်းခရိုင်ပြည်သူ့ဆောက်လုပ်ရေး ခရိုင်အင်ဂျင်နီယာမှူး ဦးဆလိုင်းဗိုလ်အုပ်၊ မြို့နယ်အင်ဂျင်နီယာ ဦးမြင့်ဇော်၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် အင်ဂျင်နီယာများ၊မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

**(ခရိုင်ပြန်/ဆက်)**

# ပထမပြန် စာအောင်သံဃာများ အောင်လက်မှတ်နှင့်ဝတ္ထုငွေဆက်ကပ်

ရမည်းသင်း မေ ၁၂

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၁၃၇၄ ခုနှစ် ပါဠိ ပထမပြန်စာမေးပွဲတွင် ရမည်းသင်းမြို့ စာဖြေဌာနမှ အောင်မြင်ခဲ့ကြသည့် သံဃာ ၅၇ ပါးအား စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများ လှူဒါန်းဆက်ကပ်ပွဲကို မေ ၇ရက် နံနက် ၈ နာရီက ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ရန်အောင်မြင်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူကြသည်။ ဆရာတော်များက မေတ္တာသုတ်များချီးမြှင့်ပြီး စာအောင်သံဃာတော်များအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်နှင့် ဒေါ်စိန်စိန်ရီ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(၀၁၁)**



# ထိုင်းနိုင်ငံသို့ Joint Training သွားရောက်မည့် မြန်မာပီတန်း အားကစားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားနည်း (၃၃)မျိုးတွင် အားကစားနည်းတစ်ခု အပါအဝင်ဖြစ်သည့် ပီတန်းအားကစားနည်းကို မြန်မာနိုင်ငံတွင် ၃-၃-၂၀၁၃ရက်မှစ၍ ထိုင်းနိုင်ငံမှ နည်းပြနှစ်ဦး၏ သင်ကြားမှုဖြင့် စတင်ကစားခဲ့ပြီး ကျား ၁၈ဦး၊ မ ၁၅ ဦး စုစုပေါင်း ၃၃ဦးတို့အား နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Camp တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိပါသည်။

ပီတန်း အားကစားနည်း အားကစားသမား ၃၃ ဦးတို့သည် ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုနှစ်လကြာလေ့ကျင့်နေစဉ်အတွင်း ဘရူနိုင်းနိုင်ငံတွင်ကျင်းပမည့် ဖိတ်ခေါ်ပီတန်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်အပြီးတွင် ဆက်လက်၍ လာအိုနိုင်ငံ၌ တစ်လကြာလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**လိုက်လံပို့ဆောင်**

မြန်မာပီတန်းအားကစားအဖွဲ့သည် မေ၈ရက် နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ အသင်းအုပ်ချုပ်သူဦးနေမျိုးလွင်၊လက်ထောက်ညွှန်ကြားရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန တွဲဖက်အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်နှင့် ဒေါ်သက်ထားခိုင်ဝေစိုး၊ ဦးစီးအရာရှိ အားကစားနှင့်ကာယပညာဦးစီးဌာနတို့နှင့်အတူ အမျိုးသားအားကစားသမား ၁၈ ဦး၊ အမျိုးသမီး အားကစားသမား ၁၅ ဦး စုစုပေါင်း ၃၅ ဦးတို့လိုက်ပါသွားကြရာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဝင်းမှ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပုဏ္ဏားကျွန်းမြို့နယ်၌ စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုဏ္ဏားကျွန်း မေ ၁၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စာရေးဆရာအသင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်အသင်းဝင်ကတ်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်အသင်းဥက္ကဋ္ဌ ဦးမောင်ကျော်ဦးက တစ်နှစ်တာ အသင်း၏ လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးပြီး အသင်းဝင် ၁၀ ဦး၏ အသင်းကတ်များကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)** **(ညေသူ)**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀**

(၁) ဒေါ်စိုးစိုးမြင့်၊ (၂) ဦးဘမြင့်၊ (၃) ဒေါ်နုနုခိုင်၊
(၄) မရတနာတင်ယုခိုင်၊ (၅) ဦးကျော်ကြီး၊(၆) ဒေါ်ဦးစိန်သာ၊
(၇) ဦးအန်းကောက်၊ (၈) ဒေါ်စန်းစန်းပို၊ (၉)ဒေါ်ကြူကြူသင်း၊
(၁၀) ဗိုလ်မှူးတင်အောင်လှိုင်၊ (၁၁)ဒေါ်မိမိမြတ်၊(၁၂) ဒေါ်ညွှန့်ညွှန့်ရီ၊
(၁၃) ဦးလှမောင်၊ (၁၄) ဒေါ်ဖြူဖြူဝင်း၊ (၁၅) မောင်မြင့်လွင်၊
(၁၆) ဒေါ်ခင်မြင့်ဝေ၊ (၁၇) ဦးသန်းလွင်၊ (၁၈)ဒေါ်မြင့်မြင့်စန်း၊
(၁၉) ဒေါ်ခင်မိမိ၊ (၂၀) ဒေါ်လှလှဝင်း၊ (၂၁) ဒေါ်မာလာသန်း၊
(၂၂) ဒေါ်သင်းသင်းချစ်၊ (၂၃) ဒေါ်တင်တင်ဦး
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်စိုး)

**ဒီကရီအနိုင်ရသူများ**

နှင့်

(၁) ငွေဇုန်ကုမ္ပဏီလီမိတက်၊
(၂) ငွေဇုန်အေဂျင်စီဒါရိုက်တာအဖွဲ့၊
(၃) ငွေဇုန်အထွေထွေဝန်ဆောင်မှု လုပ်ငန်းကုမ္ပဏီလီမိတက်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းသန်းထွန်း)

**ဒီကရီတရားရှုံးများ**

ယခင် ရန်ကုန်တိုင်းဒေသကြီး တရားရုံးတော်၏ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၉၁၃ တွင် ကျရှိသည့် အနိုင်ဒီကရီကို အတည်ပြုရာတွင် အောက်တွင်ဖော်ပြထားသောပစ္စည်း၌ တရားရုံး၏အကျိုးသက်ဆိုင်ခွင့်ကို ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

**ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ လူနေရပ်ကွက်အမှတ် (မြခွာညို)၊ မြေကွက်အမှတ် ၁၀၉၊ အမှတ် ၅၊ ဧရာဝဏ် (၃)လမ်း၊ မြခွာညိုအိမ်ရာ၊ သာကေတ၊ ဧရိယာ ဝဒသမ၁၀၃ဧကေ၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။ **ကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချသည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ၁၀၀ိ/-လျှင် ၂၅ိ/-နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူသည် ကျန်ငွေအားလုံးကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဆုံးရုံးတော်စတင်ဖွင့်လှစ်သည့်ရက်တွင် ပေးသွင်းရမည်။
၆။ လေလံကျန်ငွေများကို အထက်နေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၇။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၂၀၁၃ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝါဝါထွန်း)**

**ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**



ပွေး၊ညှင်း၊ဒက်၊ဝဲ၊နှင်းခူ၊သဲဝဲ၊ရေဝဲ နှင့် အရေပြားကွဲတက်၍ ယားယံခြင်းများအတွက်သုံးစွဲနိုင်ပါသည်

**လိပ်ပြာ** အမှတ်တံဆိပ် **ပွေးဆေးရည်**

ပင်ရင်း။ ။'လိပ်ပြာ'တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း

၂၀/၂၆၆၊ငုဝါလမ်း၊တောင်ငူမြို့။ဖုန်း 054-23347,09-49300108

TMR 009290(0714)။၁၀/၂၀၁၂၊တဆထလ(၂၃၁၂)။ကြော်ငြာခွင့်ပြုချက်အမှတ်၊တဆဝက(စာနယ်ဇင်း)၀၂၆/၀၁၁၃


## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(အရှေ့)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၇၉/က၊ မြေကွက်တည်နေရာအမှတ် ၅၇၉/က၊ (၈)ရပ်ကွက်၊ ဒဂုံ(အရှေ့)မြို့နယ် ဦးလှအောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှအောင်ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် CG-၀၀၈၈၅၇ က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၈၃၂၊ မြေကွက်တည်နေရာအမှတ် ၁၈၃၂၊ ၁၅၀ ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးလှရှိန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှရှိန် ၁၂/သဃက(နိုင်)၀၄၅၉၉၂ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ဂရိတ်ဇေါ်ဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

**အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်**



**ရွှေအသည်း** အမှတ်တံဆိပ် **အသည်းအားဆေး**

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
* အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
* ရေရှည်သောက်သုံးခြင်းဖြင့် အဆိပ်အတောက်အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။
* နာတာရှည်အသည်းရောဂါရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရမည့် တိုင်းရင်းဆေးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင် ထက်မြက်ကြောင်းကို ခိုင်မာသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းကို ဂုဏ်သိက္ခာ မြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသန ဂျာနယ်များတွင် တင်သွင်းခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာစာပေနှင့်ဆေးဝါးများကြော်ငြာစိစစ်ရေးအဖွဲ့၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း)၄၃/၀၄၁၃ ၊ တဆဝက(စာနယ်ဇင်း)၆၄/၀၇၁၄

# ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၅၂ | ဘားအံတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ ပေ(၁၂၀×၉၀×၂၉)တစ်လုံး (ရေ၊ မီးအပါအဝင်) |
| ၅၃ | ဘားအံတက္ကသိုလ်၊ ၂၀ ဦးဆံ့ နှစ်ထပ်အိပ်ဆောင်အမှတ်(၃) ပေ(၁၁၄×၃၀) RCC တစ်လုံးတည်ဆောက်ခြင်း |
| ၅၄ | ဘားအံတက္ကသိုလ်၊ ပါမောက္ခချုပ်နေအိမ် ပေ (၄၀×၃၀)တစ်လုံးတည်ဆောက်ခြင်း |
| ၅၅ | ဘားအံတက္ကသိုလ်၊ အရာရှိကြီးများနေအိမ် ပေ (၄၀×၃၀)တစ်ထပ်အုတ်တိုက်အခန်းလေးခန်းနှင့် အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုခန်း(၁၀)ပေပတ်လည် ရေ၊ မီးအပါအဝင်တစ်လုံးတည်ဆောက်ခြင်း |
| ၅၆ | ဘားအံတက္ကသိုလ်၊ ခြောက်ခန်းတွဲနှစ်ထပ် RCC ဝန်ထမ်းအိမ်ရာ ပေ (၈၀×၂၉)တစ်လုံး (ရေ၊ မီးအပါအဝင်) |
| ၅၇ | ဘားအံတက္ကသိုလ်၊ ပါမောက္ခနေအိမ်နှစ်ခန်းတွဲလေးလုံးတည်ဆောက်ခြင်း ပေ (၄၀× ၃၀) RC |
| ၅၈ | ဘားအံတက္ကသိုလ်၊ သရုပ်ပြဆရာ ဆရာမများနေအိမ်သုံးခန်းတွဲ ပေ (၃၀×၂၀) RCC တည်ဆောက်ခြင်း တစ်လုံး |
| ၅၉ | ဘားအံတက္ကသိုလ်၊ Chain Link ကာရံခြင်း ပေ ၂၄၅၀ |
| ၆၀ | ဟသ်ာတတက္ကသိုလ်၊ မိုးလုံလေလုံ အားကစားရုံ ပေ (၂၁၀×၁၂၀)တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်) |
| ၆၁ | တောင်ကုတ်ကောလိပ်၊ နှစ်ထပ်စာသင်ဆောင်၊ စကြံ ကူးတည်ဆောက်ခြင်း၊ ပေ (၃၀×၈)နှစ်ခု ကွန်ကရစ်အခင်း၊ ကွန်ကရစ်တိုင်၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး ပေ (၄၄×၁၆) RC နှစ်ထပ်အပါအဝင် |
| ၆၂ | တောင်ကုတ်ကောလိပ်၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ (၉၀×၃၀)အုတ်တိုက်၊ ကွန်ကရစ်ခင်း၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး (ရေ၊ မီးအပါအဝင်) |
| ၆၃ | တောင်ကုတ်ကောလိပ်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ (၆၀×၃၀)အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး (ရေ၊ မီးအပါအဝင်) |
| ၆၄ | တောင်ကုတ်ကောလိပ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ(၆၀×၃၀) အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး(ရေ၊ မီးအပါအဝင်) |
| ၆၅ | တောင်ကုတ်ကောလိပ်၊ အမာခံကျောက်ချောလမ်းပြုလုပ်ခြင်း (ပင်မဆောင်အဝင်လမ်းနှစ်လမ်းသွား) ပေ(၁၀၀၀×၄၆×၅ထု) |
| ၆၆ | တောင်ကုတ်ကောလိပ်၊ အမာခံကျောက်ချောလမ်းပြုလုပ်ခြင်း(စာသင်ဆောင်နှင့် အဆောက်အအုံပတ်လမ်း) ပေ(၁၄၀၀၀×၃၂×၃ထု) |
| ၆၇ | တောင်ကုတ်ကောလိပ်၊ ပတ်လမ်းများ၏ ရေထွက်ပေါက်များ ပေ (၄၀×၄×၄) (Box Culvert 13 nos) ပြုလုပ်ခြင်း |
| ၆၈ | တောင်ကုတ်ကောလိပ်၊ ပြင်ပရေရရှိရေးလုပ်ငန်း (ရေဂါလန် ၂၈ သန်းဆံ့ ရေလှောင်တမံပြုလုပ်ခြင်း) |
| ၆၉ | တောင်ကုတ်ကောလိပ်၊ ဂါလန် ၁၂၀၀၀ဆံ့ ကွန်ကရစ်မြေအောက်ရေလှောင်ကန် ပေ(၂၀×၁၂×၈)နှစ်လုံးဆောက်လုပ်ခြင်း |
| ၇၀ | တောင်ကုတ်ကောလိပ်၊ ၃၉ပေအမြင့် ဂါလန်၁၀၀၀၀ ဆံ့ (၁၃ပေ ၆လက်မ×၁၃ပေ ၆ လက်မ) ကွန်ကရစ် ရေတိုင်ကီနှင့်ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း (၁၃ ဒသမ ၅ ပေ×၁၃ ဒသမ ၅ပေ) |
| ၇၁ | တောင်ကုတ်ကောလိပ်၊ အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ပေ (၁၂၇၀၀×၆) |
| ၇၂ | တောင်ကုတ်ကောလိပ်၊ ရေလှောင်တမံမှ ရေလှောင်ကန်သို့ ကို ၆"Ø PVC ပိုက်ဖြင့် ရေသွယ်ပေးခြင်း ပေ ၅၂၈၀ |
| ၇၃ | တောင်ကုတ်ကောလိပ်၊ နှစ်ထပ်စာသင်ဆောင် (A,B,C)နောက်ကျောမြေထိန်းနံရံပြုလုပ်ခြင်း ပေ (၆၀၀×၅×၅) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၆-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး တစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
အဆောင်(၂) ပထမထပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

**ဖြည့်စွက်ချက်**

၁။ ၆-၅-၂၀၁၃ ရက်မှ ၉-၅-၂၀၁၃ ရက်အထိ နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထားသည့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်ကို ၁၂-၆-၂၀၁၃ ရက်အထိ တိုးမြှင့်သတ်မှတ်ပါသည်။

၂။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar-education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို ၎င်းဦးစီးဌာန၊ အင်ဂျင်နီယာဌာနတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁- ၅၀၄၇၅၅ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကျင်းပမည့် Computer Based Test (CBT) စနစ်ဖြင့် ဒုတိယအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး သုံးနှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်ခဲ့ကြသည့် အလုပ်သမားများအတွက် ထပ်မံသွားရောက် အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ဒုတိယအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်**
(က) ၁၇-၆-၂၀၁၃ရက် (တနင်္လာနေ့) နှင့် ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့)
(ခ) ၉း၃၀နာရီမှ ၁၀း၄၀နာရီအထိ (ပထမပိုင်း)နှင့် ၁၁း၅၀ နာရီမှ ၁၃း၀၀ နာရီအထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား ၃၀ ဦး စစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၈း၃၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်း ဖြေဆိုမည့်သူများသည် ၁၀း၅၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**
- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း | အမှတ်ပြည့် ၂၀၀ရှိသည့်အနက် အမှတ် ၈၀အထက်<br>ရရှိသူများအား အမှတ်အနည်း/အများအလိုက်<br>သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် (ခန့်မှန်းဦးရေ) |

- အောင်မြင်မှုနှုန်းသည် သတ်မှတ်ချက်ဦးရေပေါ်မူတည်ပြီး စာမေးပွဲအောင်မြင်သူဦးရေကို စဉ်းစားနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ ဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားအား စိုက်ပျိုးရေး/မွေးမြူရေး သို့မဟုတ် ကုန်ထုတ်လုပ်ငန်းတစ်ခုကိုသာ ရွေးချယ်ရမည်ဖြစ်ပြီး၊ ရွေးချယ်ထားပြီးသောလုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။ ယခင်လုပ်ကိုင်ခဲ့သောလုပ်ငန်းဌာနတွင် ပြန်လည်လုပ်ကိုင်လိုပါက ထိုလုပ်ငန်းကို ရွေးချယ်ဖော်ပြနိုင်ပါသည်။

၄။ **သတ်မှတ်ချက်များ**
(က) အသက် (၁၈)နှစ်မှ (၃၉)နှစ်အတွင်း
(၁၉၇၃ ခုနှစ် မေ ၂၈ရက်မှ ၁၉၉၅ခုနှစ် မေ ၂၇ရက်အတွင်း မွေးဖွားသူ)
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)
(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**
(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၂၇-၅-၂၀၁၃ရက်မှ ၂၉-၅-၂၀၁၃ရက်အတွင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။
(ဃ) လိုအပ်သည့် စာရွက်စာတမ်းများ
(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ် ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာ ထုတ်ပေးမည်။)
(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ တစ်စောင်၊ (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။
(၃) (၃ဒသမ၅စမ× ၄ဒသမ၅စမ)ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ (ခြောက်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ)
(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ
(င) စာမေးပွဲဖြေဆိုခ - နိုင်ငံခြားငွေလက်မှတ် (FEC) -24
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**
(က) ကြေညာမည့်ရက်(၂၆-၆-၂၀၁၃)ရက်
(ခ) ကြေညာမည့်နည်းလမ်း
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး
(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage(http://www.eps.go.kr), Homepage(http://epstopik.hrdkorea.or.kr), (http://www.hrdkorea.go.kr)
(၃) စာမေးပွဲသက်တမ်း ၂၆-၆-၂၀၁၃ ရက်မှ ၂၆-၆-၂၀၁၅ (အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ နှစ်နှစ်တာ)

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ ပုဒ် | ၁၀၀ | ၄၀မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့်အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်းဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၅ ပုဒ် | ၁၀၀ | ၃၀မိနစ် | |
| စုစုပေါင်း | ၅၀ ပုဒ် | ၂၀၀ | ၇၀မိနစ် | |

၈။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်**
(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင်ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၉။ **သတိပြုရန်အချက်များ**
(က) စာမေးပွဲအောင်သူများ၏အမှတ်စာရင်းအား ၂၆-၆-၂၀၁၃ ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။
(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့်ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။
(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။
(ဃ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသောအချက်အလက်များနှင့်တူညီရန် လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။
(င) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများသို့ လျှောက်ထားလိုသူများသည် ယင်းလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်နေသူများနှင့် လုပ်ငန်းသဘောသဘာဝအရ အမိုးအကာမရှိသော လယ်ကွင်းများ၊ တောင်စောင်း၊ တောင်ကုန်းများတွင်လုပ်ကိုင်နိုင်သူများ ကိုရီးယားသမ္မတနိုင်ငံ၏ရာသီဥတု **[ဆောင်းရာသီတွင်(-၁၉)ဒီဂရီစင်တီဂရိတ်]**ကို ခံနိုင်စွမ်းရှိသူများဖြစ်ရပါမည်။
(စ) မိမိလျှောက်ထားသည့်လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။
(ဆ) အထက်ပါအချက်များအား သဘောတူလက်ခံမှသာ မိမိဆန္ဒဖြင့်လျှောက်ထားရန်ဖြစ်ပါသည်။

❖ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
❖ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုတွင် မအောင်မြင်သည်ဖြစ်စေ၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိသည်ဖြစ်စေ အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❖ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာ မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
❖ ပုဂ္ဂလိကအဖွဲ့အစည်းများက အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ပါဝင်ပတ်သက်နေပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

---

**BIS** ဒေါ်နီလာဘာရာဒွါဂျာ ဦးစီးသော **Bharadwaj International School**
**Nursery, PRE KG to IGCSE** ပံ့မှန်ကျောင်းသင်တန်းများ
မေလ(၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
No. 621, 2nd Floor, United Condo, Bo Ywe Street, Latha Township, Yangon.
Tel : 01-243978, 09-5501141, 09-8537403, 09-73123665
ကျောင်းအပ်လက်ခံပါပြီ

---

**ကလေးနာမည်ပေး**
**ကွန်ပျူတာပုရောဟိတ်**
တိုစက္ကူစာတတစ်ပြီးကလေးနာမည်(၁၅၀)ကျော်
ဟောစာတမ်း(၃၄)မျက်နှာဖုန်းသာဆက်လိုက်ပါ
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၅၈၇၉၊Toyota Hilux LN 90 ၊ P/U (4x2) R၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီလွင်(ခ)ရီရီမြင့် ၁၃/လရန(နိုင်)၀၇၈၁၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေအကျယ်လိုချင်သောလုပ်ငန်းရှင်များ ဆက်သွယ်ပါ။ မြောက်ဒဂုံ၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းမ၊ပေ(၁၀၀×၆၀)။

**ဖုန်း-၀၉-၅၀၄၉၇၂၄၊ ၅၁၄၃၉၀၉**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်တော်ဦးမောင်မောင် ၁၂/ပဘတ(နိုင်)၀၂၆၈၀၁ နှင့် ကျွန်မဒေါ်အေးအေးမြင့် ၁၂/ပဘတ(နိုင်)၀၂၅၆၉၆ တို့၏သား မောင်ရဲဝင်းအောင် ၁၂/ပဘတ(နိုင်)၀၂၅၆၉၇အား ၃၀-၃-၂၀၁၃ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်-ဒေါ်အေးအေးမြင့် မိဘများ**

---

### မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း- ၀၉၄၂၀၁၀၇၀၂၁
၀၉၄၄၈၀၂၅၇၄၂
၀၉၇၃၂၃၄၆၅၆
၀၉၇၃၂၂၉၉၆၅

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ် ၁၂ နေ (ဦးဇာရစ်ခန်)-ဒေါ်စဖီယာတို့၏သား မောင်စိုးတင် ၁၀/သထန(နိုင်) ၀၉၂၀၁၅သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်မယူတော့ပါ။

**ဒေါ်စဖီယာ ၁၀/သထန(နိုင်)၀၉၁၀၈၁**

---

**အမည်ပြောင်း**
နေပြည်တော်၊ ပျဉ်းမနား၊အထက(၂) အဋ္ဌမတန်း(D)တွင် ပညာသင်ကြားနေသော မချောတင်ဇာနွယ်အား မချောသဥ္ဇာနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မချောသဥ္ဇာနွယ်**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၄-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၆၊ ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁/၂၂) အမည်ပေါက် ဦးအောင်သင်းအစား မြေကွက်အမှတ် (၁)၊ (၂၂) အမည်ပေါက် ဦးအောင်သင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၅-၂၀၁၃ ရက်ထုတ် ၎င်းသတင်းစာ စာမျက်နှာ(ခ)ပါ တရားလွှတ်တော်ရှေ့နေ ဦးဌေးလွင်၏ ကန့်ကွက်နိုင်ပါသည် စမ်းချောင်းမြို့နယ် ကြော်ငြာတွင် မြေအကျယ်အဝန်းပေ (၁၂½× ၅၉) အစား ပေ(၁၂½× ၅၀)ဟုပြင်ဆင်ဖတ်ရှုပါရန်။

---

**တိုက်ခန်းအမြန်ရောင်းမည်။**
၁၂½' × ၅၀' ဆိုရေး-သိန်း(၃၆၀)
(ပထမထပ် HK-2 လှာ)
အောက်ထပ် RC၊ အပေါ်ထပ်လှာထိုး
အိပ်ခန်း(၂)ခန်း။
ရေချိုးခန်း+အိမ်သာ(ကြွေပြားကပ်)
ဆီဆိုလမ်း၊ စမ်းချောင်းမြို့နယ်။
Ph : 09-73044109

---

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းတက်ရောက်သင်ယူမည့် မောင်နိုင်ဝင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမန်း(ခ)ဦးမြင့်သောင်းဖြစ်ပါသည်။
**ဦးမန်း(ခ)ဦးမြင့်သောင်း**

ကြော်ငြာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## သတင်းကြေညာချက်

**၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်**
**(၂၀၁၃ခုနှစ် ဧပြီလ ၂၆ရက်)**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ခုနှစ် ဇွန်လ၁၅ရက်မှ ၂၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့် ပြုမည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ခုနှစ် ဇွန်လ ၅ရက်မှ ၁၄ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## သတင်းကြေညာချက်

**၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်**
**(၂၀၁၃ခုနှစ် ဧပြီလ ၂၆ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ၂၀၁၃ ခုနှစ် မေလ ၆ ရက်မှ ၃၁ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များနှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး (စခန်းရုံး) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**နဝမအကြိမ်ဘွဲ့နှင်းသဘင်**

## ဓာတ်ပုံရိုက်ကူးရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၀၁၃ ခုနှစ် မေ ၃၀ ရက်တွင် ပြုလုပ်မည့်ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ခြင်းအခမ်းအနား ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်တွင် ကျင်းပပြုလုပ်မည့် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ)ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(၁) **တင်ဒါစတင်လက်ခံမည့်နေ့ရက်** - ၁၀-၅-၂၀၁၃ ရက်(သောကြာနေ့)
(၂) **တင်ဒါနောက်ဆုံးလက်ခံမည့်နေ့ရက်** - ၂၀-၅-၂၀၁၃ရက်(တနင်္လာနေ့)၊မွန်းလွဲ၁း၀၀နာရီ
(၃) **တင်ဒါဖွင့်မည့်နေ့ရက်** - ၂၀-၅-၂၀၁၃ရက်(တနင်္လာနေ့)၊မွန်းလွဲ ၂း၀၀ နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဘွဲ့နှင်းသဘင် ဓာတ်ပုံတင်ဒါ ရွေးချယ်ရေးကော်မတီ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ ဖုန်း-၀၉-၇၃၂၄၅၀၉၉၊ ၆၁၃၆၀၈၊ ၆၁၃၈၃၃ တို့သို့သော်လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

## အမည်ပြောင်း

ဦးခင်ကျော်-ဒေါ်နန်းရွှေ တို့၏သား ကျောက်ဖြူမြို့ အမက(၂) ဒုတိယတန်းမှ မောင်စောငြိမ်းချမ်းအား ယနေ့မှစ၍ မောင်ထက်အောင်ရှိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်အောင်ရှိုင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၄-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀) ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၂၄၅၂)၊ အမည်ပေါက် ဦးသိန်းလွင်၏မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းစိုးဝင်း ၁၂/ကတန(နိုင်)၀၀၈၁၉၁ အစား ၁၂/ကတတ(နိုင်)၀၀၈၁၉၁ဟု ပြင်ဆင် ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (ဃ) ပါ ငြင်းချက်ထုန်ရန် သမ္မန်စာ ဒေါ်ပြုံးရီနှင့် ဦးသိန်းလွင် ကြော်ငြာမှ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၀အစား ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ကချင်ပြည်နယ်အများပိုင် ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း

# အများပြည်သူသို့ ကြေညာခြင်း

## ၂၀၁၃ ခုနှစ် မေလ ၉ရက်

၁။ ကချင်ပြည်နယ်အများပိုင် ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၂၀၁၃ခုနှစ် ဧပြီ ၃ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၃/၂၀၁၃-၂၀၁၄ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီသည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ရောင်းဝယ်ရေးလုပ်ငန်း
(ပြည်တွင်း/ပြည်ပကုန်သွယ်ရောင်းဝယ်လုပ်ငန်းများ)

(ခ) ဝန်ဆောင်မှုလုပ်ငန်း
(မီးရထား၊ လေကြောင်း၊ ကားလမ်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ)

(ဂ) စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း
(သစ်နှင့် သစ်တောထွက်ပစ္စည်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ သဘာဝသယံဇာတများထုတ်လုပ်ခြင်း၊ စက်မှုလက်မှုဇုန်များ တည်ထောင်ခြင်း)

(ဃ) ခရီးသွားလုပ်ငန်း
(ပြည်တွင်း/ပြည်ပ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း၊ ခရီးသွားဝန်ဆောင်ခြင်း)

(င) ဟိုတယ်လုပ်ငန်း
(ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်-စိန်လုံ၏ဒေသ၊ အင်းတော်ကြီးဒေသနှင့် ပြည်တွင်းရှိ အခြားနေရာများ)

(စ) ကျောက်မျက်လုပ်ငန်း
(ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်း၊ ဥပဒေနှင့်အညီ အရောင်းပြခန်းများ ဆောင်ရွက်ခြင်း)

(ဆ) ဆောက်လုပ်ရေးလုပ်ငန်း
(ခွင့်ပြုချက်ဖြင့် မြို့ကွက်သစ်များ ဖော်ထုတ်ခြင်း၊ အဆင့်မြင့်ကွန်ဒိုမီနီယမ်များ၊ တန်ဖိုးနည်းအိမ်ရာများ၊ လမ်း၊ တံတားလုပ်ငန်းများ၊ အဆင့်မြင့်ပလာဇာများ)

(ဇ) ဘဏ်လုပ်ငန်းများ

(ဈ) နိုင်ငံတော်မှ ခွင့်ပြုသည့် အခြားလုပ်ငန်းများ

၃။ အများပြည်သူပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ) သတ်မှတ်ထားပြီး မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာဘုတ်အဖွဲ့**

## ကြော်ငြာ

### ဦးစန်းငွေ (ဒုတိယဘဏ်မန်နေဂျာ၊ ငြိမ်း)
**အသက်(၉၇)နှစ်**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၆)၊ ဗိုလ်ချုပ်လမ်း၊ စ/၃၂၇ နေ မဟာပုပ္ပာရုံကန်ဦးကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တထေရဝံသ၏ ရဟန်းခမည်းတော်ကြီး၊ (အငြိမ်းစားစက်ရှင်တရားသူကြီး ဦးစံရင်-ဒေါ်မေ)တို့၏သား၊ ဒေါ်ကြည်ကြည်စန်း(ပြည်နယ် သ/မဌာန၊ ငြိမ်း)၏ဖခင်၊ ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး (ဒေါ်သန်းရီ)၏ခင်ပွန်းသည် ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရှိန်
**အသက်(၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၏ဖခင် ဦးတင်ရှိန်သည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လပွတ္တာခရိုင်နှင့်မြို့နယ်များ**
**တရားရေးမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးငွေဌေး (ဝက်လက်)
**အသက်(၉၀)**

ဒုတိယရဲမှူးကြီးလှိုင်တင့်[ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဦးစီးအရာရှိ(ပထမတန်း)]-ဒေါ်နုနုထွေးတို့၏ဖခင် ဦးငွေဌေးသည် ၁၁-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်၊ မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးငွေဌေး (ဝက်လက်)
**အသက်(၉၀)**

ဒုတိယရဲမှူးကြီးလှိုင်တင့်[ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဦးစီးအရာရှိ(ပထမတန်း)]-ဒေါ်နုနုထွေးတို့၏ဖခင် ဦးငွေဌေးသည် ၁၁-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်၊ မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါက်တာသက်သက်မြိုင်(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ EYU) (ဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ကြည်ခြေနီအသင်း)တို့၏မိခင် ဒေါ်ခင်မိမိသည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**
**ကြက်ခြေနီအသင်း**

### ဝမ်းနည်းကြေကွဲခြင်း

ဦးသန့်ဇင်(UNODC-ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာစီမံကိန်းရုံး၊ တောင်ကြီးမြို့)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မွန် အသက်(၈၃)နှစ်သည် ၁၀-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**UNODC ဝန်ထမ်းမိသားစုများ**
**(ရန်ကုန်၊ တောင်ကြီးနှင့် လှိုင်လင်ရုံး)**

### ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏ မိခင်ကြီး ဒေါ်တင်အိ အသက်(၇၉)နှစ်၊ မိုးညှင်း၊ အလပြ(ငြိမ်း)သည် ၃-၅-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့် ဒေါက်တာမောင်မောင်အေး(ကထိက)-**
**ဒေါက်တာအေးအေးနွယ်(ကထိက)**
**သတ္တဗေဒဌာန၊**
**မုံရွာတက္ကသိုလ်**

### သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျင်မောင် (ထန်းတပင်မြို့)
**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ (ဦးသာရှင်-ဒေါ်နီ)၊ (ဦးဖိုးဝင်း-ဒေါ်ဖော့ဖြူ)တို့၏သားသမက်၊ ဦးအလိုင်း-ဒေါ်ခင်စိုး၊ ဦးတင်ကြိုင်-ဒေါ်ခင်လေးမူ၊ ဦးမြင့်ရွှေ-(ဒေါ်တင်စန်း)၊ ဦးမျိုးသန့်-ဒေါ်အေးစန်း၊ ဦးအောင်လွင်-ဒေါ်စန်းနွဲ့၊ ဒေါ်ရီရီစန်း၊ ဦးညီညီဝင်း-ဒေါ်ငွေငွေဝင်းတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၆ယောက်တို့၏အဘိုး၊ ဒေါ်ကျင်လှိုင်၏ခင်ပွန်းသည် ၁၂-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ထန်းတပင်မြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးကျင်မောင်-ဒေါ်ကျင်လှိုင်တို့၏နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင်
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၅၂၀နေ (ဦးမောင်သင်-ဒေါ်မဲ)တို့၏သမီး၊ (ဦးချယ်ရီ-ဒေါ်ကျင်မြိုင်)တို့၏သမီးချွေးမ၊ ဒေါ်ခင်စိန်၊ ဦးမြင့်ကြည်-ဒေါ်မြင့်မြင့်ကြည်၊ ဦးငွေဝင်း-ဒေါ်လှလှဝင်း၊ ဦးသိန်းလွင်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ရွှေ-ဒေါ်တင်တင်ရွှေ၊ ဦးညီညီနိုင်-ဒေါ်တင်တင်အေး၊ ဒေါ်လှလေးတို့၏မိခင်၊ မောင်ကျော်ထွန်းဦးနှင့် မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးရွှေမေး)၏ဇနီးသည် ၁၁-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည် (သဲကုန်း)
**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ သစ်နီတောရွာနေ (ဦးကျော်ရင်-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးစံမောင်)၏ဇနီး၊ ဦးသိန်းစိုး-ဒေါ်အေးအေးသန်း(ဆလအ-၂၊ ပျဉ်းမနားမြို့)၊ (ဦးလှကြည်)-ဒေါ်စန်းမြ၊ ဦးစောနိုင်-ဒေါ်သန်းလှ(စိုးသူ-စာရေးကိရိယာဆိုင်၊ မြို့မဈေး)၊ ဦးညွန့်ရွှေ-ဒေါ်စန်းဝင်း၊ ဦးငွေလှိုင်(သစ်တောဦးစီးဌာန၊ နတ်တလင်းမြို့)-ဒေါ်အေးစမ်း(မူအုပ်၊ အမက၊ ဖားစမ်းကန်ရွာ)၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းထွေး[စာရင်းစစ်ရုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်]၊ ဦးလမင်း-ဒေါ်ခင်လေးနွယ်(EE ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံတိုးချဲ့စီမံကိန်း)၊ ဦးအေးလွင်-ဒေါ်တင်မိုးခိုင်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၂း၂၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အင်းစိန်မြို့နယ်၊ ရွာမလျှပ်စစ်စက်ရုံဝင်းရှိနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုရဲမှူးငွေသိမ်း(ငြိမ်း)၊ တောင်သာ၊ လ-၅၇၀၆၇
**အသက်(၆၆)နှစ်**

သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ကျောင်းလမ်း၊ အမှတ် ၂၃၅နေ(ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ (ဦးမယ်ဇယ်)-ဒေါ်သန်းခင်တို့၏သားသမက်၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်နွဲ့နွဲ့စန်း၏ခင်ပွန်း၊ ကိုအောင်ကျော်စွာ-မစိုးစိုးအေး၊ ကိုရဲကျော်စွာ-မငွေငွေစန်း၊ ကိုမြင့်သိန်းထွန်း-မမေသူကျော်စွာ၊ ကိုလွင်ကျော်စွာ-မမျိုးကေခိုင်၊ မအေးသူဇာသိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၆း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သန်လျင်မြို့နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြို့နယ်ပညာရေးမှူးရုံးရှေ့မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒုရဲမှူးငွေသိမ်း(ငြိမ်း) (တောင်သာ)
**လ-၅၇၀၆၇**
**အသက်(၆၆)နှစ်**

သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ ကျောင်းလမ်း၊အမှတ်၂၃၅နေ(ဦးဗေဒါ-ဒေါ်သန်းတင်)တို့၏သား၊ ဦးအေးကို-ဒေါ်ခင်စန်းရီ၊ ဒေါက်တာရွှေအိုး-(ဒေါ်ကြည်သန်း)တို့၏ညီ၊ ဒေါ်မြမြဝင်း၏မောင်၊ ဦးတိုင်းဝေ-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြမြနှင်း၊ ဦးဇော်ဝင်းမြင့်-ဒေါ်ဝင်းဝင်း၊ ဒေါ်မြမြသင်း၊ ဦးသိန်းထွန်းအောင်-ဒေါ်ခင်မျိုးလွင်တို့၏အစ်ကို၊ ဒေါ်နွဲ့နွဲ့စန်း၏ခင်ပွန်းသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြို့နယ်ပညာရေးမှူးရုံးရှေ့မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

### ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန္ဒာမြင့် (ငွေစာရင်း-၂၊ ပရိဘောဂစက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း မောင်လင်းထွဋ်အောင်၏ဖခင် ရဲအုပ်သန်းဝင်းဇော်(ဒုရဲအုပ်လောင်းအပတ်စဉ်-၄၃)သည် ၁၁-၅-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်ကျော်ကျော်-ဒေါ်တင်တင်မိုး**
**တူ-အောင်ဆုပိုင်**
**တူမ-စုလှိုင်ထက်**
**ချစ်ကိုကို-ကိုယ်မိသားစု(ရေးမြို့)**

### အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co.,Ltd. ၏ ပြည်ညောင်ဘိလပ်မြေစက်ရုံစီမံကိန်းမှ Admin Manager ဒေါ်ဝါဝါအောင် အသက်(၄၀)သည် ၁၀-၅-၂၀၁၃ရက်(သောကြာနေ့)ည ၇း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Htoo Construction Development Group**
**Co., Ltd. မှ ဝန်ထမ်းများမိသားစု**

## ဦးငွေဌေး
**(ဝက်လက်-သခွတ္တော)**
**အသက်(၉၀)**

ဝက်လက်မြို့၊ သခွတ္တောရွာနေ ဦးသောင်းဌေး-ဒေါ်တင်အုန်း၊ ဦးအောင်ထွန်း-ဒေါ်စန်းရင်၊ ဦးအောင်ညို-ဒေါ်တင်နွဲ့၊ ရန်ကုန်မြို့နေ ဗိုလ်မှူးလှိုင်မြင့်(ငြိမ်း) (စက်ရုံမှူး၊ ဖိနပ်စက်ရုံ)၊ ဒေါ်ခင်ပန်းချီစိုးညွန့်၊ ဒုရဲမှူးကြီးလှိုင်တင့်-ဒေါ်နုနုထွေး၊ ဝက်လက်မြို့နေ ဦးစန်းလွင်-ဒေါ်ခိုင်ခိုင်ဝင်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၃ရက်တွင် ဝက်လက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ဝက်လက်မြို့နယ်အသင်း (ရန်ကုန်) အသင်းသား အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့
ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းခင် (လေးမျက်နှာ)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ် ၉၅(ခ)နေ ဦးတင်ထွေး၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်ခင်ကြည် (ဆန်းကိုကို ဘီစကွတ်)၊ ဦးတင်ဝင်း-ဒေါ်ကြွေ၊ (ဦးခင်ငြိမ်း)-ဒေါ်ခင်ရီ၊ (ဦးအောင်ထွန်း)-ဒေါ်တင်မေ၊ ဦးလှမျိုး-ဒေါ်တင်ကြွေတို့၏မိခင်၊ မြေး ၁၃ယောက်၊မြစ် ၁၈ယောက်၊ တီ သုံးယောက်တို့၏အဘွားသည် ၁၁-၅-၂၀၁၃ရက်(စနေနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအေးမောင်
**ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**
**အသက်(၈၁)နှစ်**

မော်လမြိုင်မြို့နေ(ဦးသိန်းမောင်-ဒေါ်မာစီ)တို့၏ဒုတိယသား၊ အမှတ် ၁၃၆၄၊ သာယာအေး ၁လမ်း၊ ဟသ်ာမြိုင်ခြံ၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဒေါ်ရိုစီသန်းတင်)၏ ခင်ပွန်း၊ (ဦးမန်း)၊ (ဒေါ်မြရင်)တို့၏ညီ/မောင်၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ဒေစီသန်းရီ၊ ဒေါ်စန်းစန်းယဉ်တို့၏အစ်ကို၊ ဒေါ်ခင်မာအေး(အထက-အင်းတိုင်)၊ ဒေါ်သန်းသန်းအေး(Elan Logistics)၊ ဒေါ်လွင်မာအေး၊ ဦးရဲနောင်အေး-ဒေါ်နန်းအိန်၊ ဒေါ်ထွေးမာအေး - ဦးအောင်အောင်၊ မဆန်းကြည်ရှီးတို့၏ဖခင်၊ Bridie ရဲနောင်၊ Shawn Nickie အောင်တို့၏အဘိုး၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေး/ဘကြီးသည် ၁၁-၅-၂၀၁၃ရက် (စနေနေ့) နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အမှတ်၄၂၊သာယာအေး ၁လမ်း၊ အင်းစိန်မွန်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျော်ကျော်သန်း
**(ကျောက်ဆည်)**
**အသက်(၅၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ (ဦးသန်းမောင်)-ဒေါ်မြမြဝင်းတို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ(ဦးအောင်သန်း)-ဒေါ်သန်းသန်းတို့၏သမီးချွေးမ၊ ကျောက်ဆည်မြို့နေ ဦးညွှန့်လွင်၏ဇနီး၊ မညွှန့်ခိုင်မာ၊ မလွင်မာသန်း (နည်းပညာတက္ကသိုလ်၊ ကျောက်ဆည်)တို့၏မိခင်သည် ၁၁-၅-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကျောက်ဆည်မြို့ မင်းမွေးတောင်သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံစံမြန်းတော်မူခြင်း
**ချမ်းမြသာစည်မြို့နယ်၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ဒုတိယနာယက**
**ရန်ကုန်ကျောင်းဆရာတော်**
## ဘဒ္ဒန္တဓမ္မသာရ
**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ဒုတိယနာယက၊ ရန်ကုန်ကျောင်းဆရာတော် (ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဒိုင်းပြစ်ပြကျေးရွာ ဒိုင်းပြကျောင်းတိုက်နာယက)ဖြစ်တော်မူသော ဘဒ္ဒန္တဓမ္မသာရ မထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၁-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၆း၁၅နာရီတွင် ဘဝနတ်ထံစံမြန်းတော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဒိုင်းပြစ်ပြကျေးရွာ၌ အန္တိမအဂ္ဂိစျာပနကို ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးအသီးသီးရှိ တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကော်မတီ
ဒိုင်းပြစ်ပြကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပရမ (သာသနဓဇ ဓမ္မာစရိယ)
**(တိုင်းသံဃာ့ဝန်ဆောင်)**
**သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၄)ရပ်ကွက်၊ မဟာဝတ္ထုကံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တပရမ (သာသနဓဇ ဓမ္မာစရိယ) သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါသည် (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁ရက်) ၁၀-၅-၂၀၁၃ရက် (သောကြာနေ့) ည ၈း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၉ရက်) ၁၈-၅-၂၀၁၃ရက်(စနေနေ့)တွင် အန္တိမအဂ္ဂိစျာပန သာစုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ရဟန်း၊ ဒါယကာ၊ ဒါယိကာမများနှင့်
စျာပနကျင်းပရေးကော်မတီ၊ မော်လမြိုင်ကျွန်းမြို့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (ရှင်နန္ဒဝံသ-ရေစကြို)
**သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ပြည်လမ်းမကြီး၊ ကျိုက္ကလှဲ့မင်းကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ စာချဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မထေရ်မြတ်သည် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ရက်) ၁၀-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၅ရက်) ၁၄-၅-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် အန္တိမအဂ္ဂိစျာပနကို ရေဝေးသုသာန်၌ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၏တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
ကျိုက္ကလှဲ့မင်းကျောင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘအေး (သုံးဆယ်)
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဘုမ္မာ ၁၀လမ်း၊ အမှတ် ၃၃၂နေ (ဦးရွှေဒွန်း-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးမြတ်သိန်းထွန်း-ဒေါ်အုံးကျင်)တို့၏သားသမက်၊ (ဒေါ်ဌေးသိန်း)၏ခင်ပွန်း၊ ဦးတင်ဆန်းအေး-ဒေါ်ခင်ချိုရီ၊ ဒေါ်မေရီအေး(အထက-၃၊ မြောက်ဥက္ကလာပ)၊ ဦးသိန်းထူးအေး-ဒေါ်ခင်စိုး၊ ဦးတင်ထွန်းအောင်-ဒေါ်မြင့်နွယ်အေး(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးဌေးမင်းအေး-ဒေါ်နှင်းနှင်းအေး၊ ဦးစိုးမိုးအေးတို့၏ဖခင်၊ မစိုးမြတ်ရည်မွန်သိန်း၊ မခိုင်မာလာ၊ မောင်အောင်ကောင်းမြတ်မင်း၊ မမြတ်ကြည်မွန်ဌေး၊ မသက်မှူးသဉ္ဇာတို့၏အဘိုးသည် ၁၁-၅-၂၀၁၃ရက်(စနေနေ့) နံနက် ၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၃ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ငွေသောင်း
**အသက်(၈၂)နှစ်**

[ဦးကျော်စိန်(ခ)ဦးကြည်]၏ဇနီး၊ ဦးစံဦး(စံဦးနာရီ)-ဒေါ်နော်လှရင်၊ ဦးနေဒွန်း(လျှပ်စစ်၊ငြိမ်း)-ဒေါ်မြင့်မြင့်ခင်၊ မအေးလွင်၊ ကိုဝင်းမြင့် (ယခင် မင်းမင်းရတနာ)-မလှလှနု၊ မနုနုထွေး(နတ်ရေကန်ငွေထည်ရောင်းဝယ်ရေး)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် အမှတ် ၂၂ (ပထမလွှာ)၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ၁၀-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဲအုပ်သန်းဝင်းဇော်
**ဒုရဲအုပ်လောင်းအပတ်စဉ်(၄၃)**
**ရုံးဦးစီးမှူး၊**
**အလုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး**
**အသက်(၄၀)**

မွန်ပြည်နယ်၊ ကျိုက္ခမီမြို့နယ်နေ ဦးဝင်းချစ်-ဒေါ်ထွေးကြည်၊အလုံမြို့နယ်နေ ဦးလှမြင့် - ဒေါ်လှမြင့်တို့၏သားသမက်၊ ဒေါ်အေးမြင့်ဝင်း(လယ်/အုပ်)၊ ဦးသန်းဝင်းမြင့်-ဒေါ်ဌေးဌေး၊ ဦးထွန်းထွန်းဦး-ဒေါ်ဆန်းဆန်းသော် (အလပြ၊ တမီ)၊ ဦးမြင့်ကျော်-မတင်တင်မိုးတို့၏ညီမောင်၊ ဒေါ်စန္ဒာမြင့် (ငွေစာရင်း-၂၊ ပရိဘောဂစက်ရုံ)၏ခင်ပွန်း၊ မောင်လင်းထွဋ်အောင်၏ဖခင်သည် ၁၁-၅-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် အမှတ် ၈၂၊ ခုနစ်လွှာ(ဘီ)၊၄ဝါလမ်း၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# အမျိုးသားပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်လို

ရန်ကုန် မေ ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၁၁ ရက် နံနက် ၉ နာရီတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်နှင့် ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ လိုက်ပါလျက် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုကလည်း ကျန်းမာရေးကဏ္ဍနှင့် *စာမျက်နှာ ၃ ကော်လံ ၄* ❐



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တရုတ် – မြန်မာ – ထိုင်း – အိန္ဒိယနိုင်ငံများနှင့် ချိတ်ဆက်နိုင်သည့် အာဆီယံလမ်းမ – ၃

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
..................
ဓာတ်ပုံ
ကျော်သူဝင်း

နေပြည်တော် မေ ၁၂

**အေးချမ်းလှပသော ကျိုင်းတုံမြို့၊ သဘာဝရှုခင်းများဖြင့် ဝိုင်းရံထားသည့် ပန်းချီကားတစ်ချပ်နှယ်။ တောင်ကုန်းအနိမ့်အမြင့်များအတိုင်း တည်ဆောက်ထားသဖြင့် လမ်းများ၊ အိမ်များက မြို့ပြအသွင် ဖြစ်သော်လည်း ဒေသရေမြေသဘာဝအငွေ့အသက်ကို အပြည့်အဝခံစားရသည်။ ထူးခြားသည်က ကျိုင်းတုံ- တာချီလိတ်-တောင်ကြီး-မိတ္ထီလာလမ်းပေါ်တွင် တည်ရှိနေသည့်အပြင် အာဆီယံလမ်းမ-၃ ဖြစ်သည့် ကျိုင်းတုံ-မိုင်းလား ကားလမ်းပေါ်တွင်လည်း တည်ရှိနေခြင်းဖြစ်သည်။**



အာဆီယံလမ်းမ-၃ ကားလမ်းအစိတ်အပိုင်းကို ဤသို့တွေ့ရသည်။

ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းက အရှည် ၉၃ ကီလိုမီတာရှိပြီး ၂၄ ပေ အကျယ်နှစ်လမ်းသွားအဖြစ် ဖောက်လုပ်ထားပြီးဖြစ်သည်။ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ထားပြီးဖြစ်ရာ မော်တော်ကားများ သွားလာမောင်းနှင်အသုံးပြု၍ ရနေပြီဖြစ်သော လမ်းလည်းဖြစ်သည်။

ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းသည် အာဆီယံလမ်းမ-၃(AH-3) ဖြစ်သလို အာရှလမ်းမကြီး အမှတ် (၃) နှင့် တစ်ထပ်တည်းဖြစ်သည်။ လမ်းအနေအထားကောင်းမွန်သဖြင့် ဆက်သွယ်သွားလာရေးလွယ်ကူပြီး ယခုအခါ လမ်းထိန်းသိမ်းရေးအဆင့်သာ ဆောင်ရွက်လုပ်ကိုင်နေခြင်းဖြစ်သည်။

ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နေ့စဉ်ခရီးသည်တင်ကားများ၊ ပစ်ကပ်ကားများနှင့် ကုန်တင်ကားကြီးများအပြင် ဆိုင်ကယ်များ မောင်းနှင်သွားလာအသုံးပြုနေကြပြီဖြစ်သည်။ ဤလမ်းပိုင်း၌ တစ်နေ့လျှင် ယာဉ်အစီးရေ ပေါင်း ၂၆၀ ကျော် ဖြတ်သန်းမောင်းနှင်အသုံးပြုနေပြီ ဖြစ်သည်။

ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းသည် တရုတ်နိုင်ငံ ကူမင်းမြို့အထိ ဆက်စပ်မောင်းနှင်သွားလာ၍ရသည့် ကားလမ်းအစိတ်အပိုင်းဖြစ်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ▲

## ယနေ့ မာတိကာ


နိုင်ငံတကာအာကာသစခန်း ယာဉ်၌ အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှု အာကာသယာဉ်မှူးများ ပြန်လည်ပြုပြင်နိုင်ခဲ့ စာ - ၄

မုန်တိုင်းနဲ့ဆိုင်တဲ့ ထူးခြားမှုများကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများက အချိန်နှင့်တစ်ပြေးညီ ပေးပို့နေ စာ - ၇

အိန္ဒိယ-မန္တလေး ဘတ်စ်ကားလိုင်း ပြေးဆွဲရန်စီစဉ် စာ - ၁၃


## ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။


